# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက် ၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၈)၊ အမှတ် (၈၉)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုအား ယမန်နေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မနောသုခနှင့် ဆင်းသွယ်လတ်စပါးများ အောင်မြင်ဖြစ်ထွန်းနေသော နေပြည်တော်ပျဉ်းမနားမှ လယ်ယာမြေမြင်ကွင်း

* သတင်းမြင်ကွင်း - ကျော်စိန်
* ဓာတ်ပုံမှတ်တမ်း - စိုက်ပျိုးရေး
* စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာ့အလင်းသတင်းအဖွဲ့သည် နေပြည်တော်ပျဉ်းမနားတွင် စိမ်းလန်းစိုပြည်ပြီး စိုက်ရေးပျိုးရေးအခြေအနေများကို သိရှိနိုင်ရန်အတွက် နိုဝင်ဘာ ၂၄ ရက်က နေပြည်တော်ပျဉ်းမနားသို့ ခရီးထွက်ခဲ့သည်။ မြန်မာနိုင်ငံအတွက် ဆန်စပါးစိုက်ပျိုးမှုအားကောင်းသော ပဲခူးတိုင်းကိုဖြတ်၍ နေပြည်တော်ပျဉ်းမနားသို့ဝင်လိုက်သည်နှင့် ရန်ကုန်-မန္တလေးလမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသော စပါးခင်းများနှင့် ရိတ်သိမ်းစပြုသော လယ်ကွက်များကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရသည်။

**ထူးခြားချက်**

နေပြည်တော်ပျဉ်းမနားသည် မြန်မာနိုင်ငံ၏ အလယ်ပိုင်းဖြစ်ပြီး ဆည်ရေသောက်နှင့်လည်းနီး၍ ရာသီဥတုကလည်း သင့်တင့်မျှတသည့်အပြင် ဒေသ၏ထူးခြားချက်မှာ ဘေးပတ်ဝန်းကျင်တွင် အရှေ့ရိုးမကြီးနှင့် အလယ်ရိုးမကြီးရှိကာ အောက်ရေတိမ်သည့်အတွက် သီးနှံစိုက်ပျိုး၍ ကောင်းမွန်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ●

နေပြည်တော်ပျဉ်းမနား စိုက်ပျိုးရေးမြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်နှင့် ဝန်ထမ်းများ စပါးနှံများကို ဤသို့ ကွင်းဆင်းစစ်ဆေးကြသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်)

# ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက် အမျိုးသားကျန်းမာရေးလုပ်ငန်းများ၌ အင်တိုက်အားတိုက် ပါဝင်ထမ်းရွက်

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ်စစ်ရေးပြကွင်း၌ ဒီဇင်ဘာလ ၂၆ရက်နေ့က ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

ယနေ့တပ်မတော်သားများသည် စစ်ပညာရပ်သာမက ဆေးဘက်ဆိုင်ရာ ပညာရပ်များကိုပါ သင်ကြားတတ်မြောက်ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် ဆေးဘက်ဆိုင်ရာ တာဝန်များကို ထမ်းဆောင်လျက် ရှိကြသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်ကောင်းမွန်သည့်အတိုင်း ကြိုတင်ကာကွယ်ခြင်းအတွက် အရေးကြီးဆုံးဖြစ်သည့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို တာဝန်ကျရာ နေရာဒေသတိုင်း၌ တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များသည် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "တာဝန်ထမ်းဆောင်တဲ့နေရာမှာ ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်ဆိုတဲ့ ဆေးတပ်ဖွဲ့ရဲ့ ရည်မှန်းချက်အတိုင်း ကုသရေးသာမက ကာကွယ်ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းစတဲ့ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုတွေကို စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ စေတနာထားပြီး အကြင်နာတရားအပြည့်နဲ့ ဆောင်ရွက်ပေးကြရမယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

တိုးတက်ထွန်းကားလာသည့် ဆေးသိပ္ပံပညာများနှင့်အတူ တီထွင်ထုတ်လုပ်ထားသည့် အင်္ဂလိပ်ဆေးဝါးများ၏ အစွမ်းသည်လည်း အံ့ဘနန်းမြင့်မားလာခဲ့သည်။ တစ်ပြိုင်တည်းတွင် အချို့ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုး အကျိုးသက်ရောက်မှုလည်း ပိုမိုများပြားလာခဲ့သည်ကို သတိပြုကြရမည်ဖြစ်သည်။

ယခုအခါ အရှေ့တိုင်းနိုင်ငံများသည် ၎င်းတို့နိုင်ငံကထုတ်လုပ်သည့် ရိုးရာဆေးဝါးများကို နိုင်ငံတကာက လက်ခံလာရန် ခေတ်မီနည်းပညာများဖြင့် သုတေသနပြု ဆောင်ရွက်လျက်ရှိပေသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း တိုင်းရင်းဆေးဝါးများနှင့် မိရိုးဖလာကုထုံးများကို သုတေသနပြုပြီး နိုင်ငံတကာက လက်ခံလာရန် ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင် ကြိုးပမ်းလျက်ရှိသည်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြည်သူ့တပ်မတော်သားများဖြစ်သည်နှင့်အညီ တာဝန်ကျရာဒေသက ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကို လူမျိုးဘာသာသာသနာ မခွဲခြားဘဲ ပြုစုကုသပေးလျက်ရှိသည်။

သို့ဖြစ်ပေရာ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးဘက်ဆိုင်ရာ တပ်မတော် ဆေးဝန်ထမ်းများသည် "သမားဇာနည်အောင်စစ်သည်" ဆောင်ပုဒ်နှင့်အညီ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရင်း အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အင်တိုက်အားတိုက်ပါဝင်ပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ ကျစ်လျစ်ခိုင်မာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၈-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

| | |
|---|---|
| ၇:၀၀-၁:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅-၁:၀၅ | **ဝိပဿနာသတရား (၁၂)ပါး** တရားတော် [ဘဒ္ဒန္တကုဝ ဓာဘိဝံသ (ထူးကြီးဆရာတော်)] |
| ၈:၀၅-၂:၀၅ | Sunday Talk [ပါမောက္ခဒေါက်တာ အောင်ထွန်းသက်၊ ကိုကိုလှိုင်၊ ကိုကို (စက်မှုတက္ကသိုလ်)] |
| ၈:၄၅-၂:၄၅ | Euro Goals |
| ၉:၁၅-၃:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅-၃:၂၅ | အောင်မြင်စွာဆောင်ရွက်နိုင်ပြီဖြစ်သော အသည်းအစားထိုး ကုသခြင်း |
| ၉:၅၅-၃:၅၅ | တေးဂီတအစီအစဉ် |
| ၁၀:၀၀-၄:၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၀၅-၄:၀၅ | ကလေးတို့အတွက်လက်ဆောင် (ရောင်စုံဂျုံရုပ်ကလေးများ) |
| ၁၀:၂၅-၄:၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၃၅-၄:၃၅ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ အစ်မကြီးအမိရာနှင့် ဗီဒီယိုဇာတ်ကားများကန်တော့ပွဲပေး အခမ်းအနား |
| ၁၀:၅၀-၄:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၀၀-၅:၀၀ | တေးဂီတအစီအစဉ် |
| ၁၁:၀၅-၅:၀၅ | ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ |
| ၁၁:၁၅-၅:၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၂၀-၅:၂၀ | မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ |
| ၁၁:၄၀-၅:၄၀ | Splendour Floral ဒဏ္ဍာရီထဲကချစ်ပုံပြင် |
| ၁၁:၅၅-၅:၅၅ | ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ) |
| ၁၂:၁၀-၆:၁၀ | International Video Topics (ကျွဲမျိုးဆက်များကို အသက်ဆက်ပေးသူ) |
| ၁၂:၄၅-၆:၄၅ | တေးဂီတအစီအစဉ် |
| ၁၂:၅၀-၆:၅၀ | **ချောင်းကမ်းဘေးကရွာကလေး** နွဲ့နွဲ့စန်း၊ ထင်ပေါ်၊ တြီကို၊ သဇင် [ဒါရိုက်တာ-မြင့်စိုး (ဝ/သ-ရန်ကုန်)] |
| ၁:၀၀-၇:၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၂၅ | Newcastle-Liverpool | ESPN (Live) |
| ၈:၃၀ | Arsenal-Portsmouth | ESPN (Live) |
| | Fulham-Chelsea | Star Sports (Live) |
| ၁၀:၄၀ | Blackburn-Man City | Star Sports (Live) |
| ၁၁:၀၀ | West Brom-Spurs | ESPN (SDD) |

**Suzuki Cup ဗိုလ်လုပွဲ (ဒုတိယအကျော့) ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆:၃၀ | Thailand-Vietnam | Star Sports (Live) |

## မိုးညှင်းမြို့ ပင်လုံလမ်း ကတ္တရာလမ်းခင်း

မိုးညှင်း ဒီဇင်ဘာ ၂၇

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ပင်လုံလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းရန်အတွက် ကျောက်များ စုဆောင်းထားရှိမှု အခြေအနေကို နိုဝင်ဘာ ၁၁ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးအင်န်ခွန်းအောင်တို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြသကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

## ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး ပညာပေးဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၇

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်း ခရိုင်ရုံး (အနောက်ပိုင်း)မှ ခရိုင်ဦးစီးမှူး ဦးကျော်ဝင်း ဒုတိယညွှန်ကြားရေးမှူးနှင့် ဦးစိန်ဝင်း ဦးစီးအရာရှိ ဦးဆောင်သောအဖွဲ့သည် ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၉ရက်က သံသုမာလမ်းနှင့်(တောင်ဥက္ကလာဂေါက်ကွင်းအနီး) ပေါ်တွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့် ယာဉ်မောင်းများအား ယာဉ်ကြံ့ခိုင်မှုရှိမရှိ၊ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိမရှိနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့်အညီ စနစ်တကျထိန်းသိမ်းမောင်းနှင်ခြင်းရှိမရှိတို့အား ရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၈-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်** |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၁:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁:၂၅ | ၄။ | ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး**(အပိုင်း-၁၀) |
| ၁၂:၀၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချယ်ရီမြေမှ ချွေးမလေး** |
| ၁၃:၃၀ | ၆။ | ကျန်းမာသုတ |
| ၁၃:၄၅ | ၇။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၈) |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၁၅ | ၄။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄:၂၀ | ၅။ | စည်းကမ်းလိုက်နာဘေးကင်းကွာ |
| ၄:၄၅ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၀၀ | ၈။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆:၃၅ | ၁၂။ | ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ |
| ၆:၄၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော်တင်တဲ့မင်းသမီး** (အပိုင်း-၉) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | မိုးလေဝသသတင်း |
| | ၁၇။ | အမျိုးသားရေးတေးကဗျာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ကျန်းမာသုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ်** (အပိုင်း-၄) |

## ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၁၆) ထွက်ပြီ

ရန်ကုန် ဒီဇင်ဘာ ၂၇

လွှတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဒီမိုကရေစီ မျက်နှာဖုံးဆောင်းပါးဖြင့်**(ယာပုံ)**(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုထားပြီး ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်းစသည့်သီးနှံများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်၊ တစ်နှစ်ဆန်တန်ချိန် သုံးသန်းခန့် တင်ပို့နိုင်အောင် ဝိုင်းဝန်းကြိုးပမ်း၊ ဇဟိုဘဏ်က အမြဲမပြတ်ကွပ်ကဲကြပ်မတ်လျက် ရှိသဖြင့် ဘဏ်များအပေါ်ယုံကြည်စိတ်ချ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် နိုင်ငံသား အခွင့်အရေး၊ သာပေါင်းစက္ကူ စက်ရုံကြီးများမှ အတွေး၊ ပျော်ဘွယ်-ဘုရားငါးဆူရထားလမ်းသစ် ဖွင့်လှစ်လိုက်ပြန်ပြီ၊ ထမင်းစားပြီး ရှောင်ကြဉ်သင့်သော အချက်(၇)ချက် စသည့်ဆောင်းပါးများအပြင် ဆီထွက်သီးနှံဆီမုန်လာစိုက်ခင်း အောင်မြင်၊ ကြက်ချေးနှင့် ဝက်ချေးတို့မှ ဇီဝဓာတ်ငွေ့ ထုတ်လုပ်ပြီး ကြက်ခြံနှင့် ဝက်ခြံတွင် အသုံးပြု၊ မြန်မာနှင့် ကူဝိတ်ကုန်သွယ်ရေးနှင့် စီးပွားရေးတိုးမြှင့်ဆောင် ရွက်မည်၊ ဂျပန်၌ မြန်မာ့ရင်းနှီးမြှုပ်နှံမှု နှီးနှောဖလှယ်ပွဲ ကျင်းပ စသည့် ပြည်တွင်း၊ ပြည်ပသတင်းများ ဖော်ပြပါရှိသည်။

**ထုတ်ဝေ**

အဆိုပါ ဂျာနယ်ရနိုင်သော နေရာများမှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်

ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အရောင်းဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားကရာလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ဖြစ်သည်။ **(သတင်းစဉ်)**

# တောင်ကြီးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

တောင်ကြီးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ဝိုင်အမ်စီအေခန်းမ၌ ကျင်းပသည်။

**ကန်တော့ပန်းဆင်**

ရှေးဦးစွာ နန်းဝင်း ရေးစပ်သီကုံးသော **"နောင်မညည်းသောအရိပ် တောင်ကြီးကောလိပ်"** သီချင်းဖြင့် တေးသံရှင် နန်းဝင်း၊ လှမြင့်ဝင်း၊ ရီရီသန့်နှင့် နှင်းရီသန့်တို့က သီဆိုကန်တော့ပန်း ဆင်ကြသည်။ **(အပေါ်ပုံ)** ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများက အကန်တော့ခံ ဆရာ ဆရာမကြီး ၇၁ ဦးအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ဆရာ ဆရာမကြီးများက ဆုံးမသြဝါဒစကား ပြန်လည်ပြောကြားကြသည်။

**ဂါရဝပြုပေးအပ်**

ယင်းနောက် ကျောင်းသားကျောင်းသူဟောင်းများက ဆရာ ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ဂါရဝပြုပေးအပ်ကြပြီး ကျောင်းသားဟောင်းတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**❒ ကျောဖုံးမှ**

တည်ဆောက်မှုအပိုင်းကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက တည်ဆောက်လျက်ရှိကာ စက်တပ်ဆင်အား မဂ္ဂါဝပ် ၄၀ ဖြစ်သည်။ ယခုအခါ ရေအားလျှပ်စစ်အပိုင်းတွင် ၄၃ဒသမ ၇ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

*✱ ကျောဖုံးမှ*

*တည်ဆောက်ထားသော ကမ္ဘာ့အကြီးဆုံး အထုကြည့်မှန်ပြောင်းကြီး ထက် ၁၀ ဆမျှ ကြီးမားသည်။ ကုန်ကျငွေ အမေရိကန် ဒေါ်လာ ၁၀၂ ဒသမ ၃ သန်း ခန့်မှန်းထားပြီး နိုင်ငံတကာမှ အာကာသယာဉ်မှူးများနှင့်အာကာသ သုတေသန ပညာရှင်များ အတွက် အာကာသနှင့်ပတ်သက်သော အသေးစိတ် အချက်အလက် အထောက်အထားများကို ရှာဖွေသိရှိသည့် တစ်ခုတည်းသော အာကာသ အထုကြည့်မှန်ပြောင်းကြီးအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။*

## မိုင်းယောင်း၌ မြို့သာယာလှပရေးဆောင်ရွက်

မိုင်းယောင်း ဒီဇင်ဘာ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးလုကာသည် နိုဝင်ဘာ ၂၀ ရက်က မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသော မြို့သာယာလှပရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် အငယ်တန်းအင်ဂျင်နီယာ-၃ တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

## အင်းတော်အထက နှစ်(၅၀)ပြည့် ရွှေရတုသဘင်

အင်းတော် ဒီဇင်ဘာ ၂၇ ဖက်(စ်)

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့ အခြေခံပညာ အထက်တန်းကျောင်း ၁၉၅၈-၂၀၀၈ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲကို ဒီဇင်ဘာ၂၆ရက် နံနက်၉နာရီတွင် အဆိုပါကျောင်း၌ကျင်းပရာ အခမ်းအနားသို့ ကသာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးလှဝေနှင့် တာဝန်ရှိသူများ၊မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ကန်တော့ခံဆရာကြီး၊ဆရာမကြီးများ၊ဆရာ ဆရာမများ၊ကျောင်းသားကျောင်းသူဟောင်း/သစ်များနှင့် မိဘပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဝင်း၊ကျောင်းအုပ်ကြီးဦးဌွေးဝင်းနှင့် ရွှေရတုသဘင် ကျင်းပရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ရွှေရတုသဘင် မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရွှေရတုကျောင်းဆောင် ခန်းမသစ်တွင် အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဝေ၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်စန်းရီနှင့် ကျောင်းအုပ်ကြီးဦးဌွေးဝင်းတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ရွှေရတုသဘင်ကျင်းပရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရွှေရတုသဘင် ဆင်ယင်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ ကျောင်းသားဟောင်း ဦးအောင်သူက အင်းတော်အထက ကျောင်းသမိုင်းအကျဉ်းကို လည်းကောင်း ရှင်းလင်းဖတ်ကြား၍ ကျောင်းသားမိဘ ဦးဝင်းရွှေက ကျေးဇူးတင်စကား ပြောကြားပြီး ခရိုင်ဥက္ကဋ္ဌ ဦးလှဝေနှင့် တာဝန်ရှိသူများအား ရွှေရတုအထိမ်းအမှတ် အလံများ ပေးအပ်ကြသည်။

(ဝ၃ဝ)

## ဆကကြီးအေးကြူ၏ မြန်မာ့သွေးသည် နီစွေး၏ စာအုပ်ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဒီဇင်ဘာ ၂၇

စာရေးဆရာ ဆကကြီးအေးကြူ ရေးသားသည့် မြန်မာ့သွေးသည် နီစွေး၏ ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ခင်မြတ်သူ စာပေမှ ထုတ်ဝေဖြန့်ချီလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

**ထုတ်ဝေဖြန့်ချိ**

ယင်းစာအုပ်တွင် မျိုးချစ်စိတ်ဓာတ်ထက်သန်ရေးဆောင်းပါး ၁၅ပုဒ် ပါရှိပြီး စာရေးသူ၏ သုံးအုပ်မြောက်စာအုပ်ဖြစ်ကြောင်း၊ စာရေးသူ၏ မြန်မာဆိုတာဘာလဲနှင့် နိုင်ငံခြားသားများပြောသော မြန်မာ စာအုပ်နှစ်အုပ်မှာ ထုတ်ဝေဖြန့်ချီခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မီးကြွင်းမီးကျန် မရှိရန် ကျင့်ကြံသတိ အမြဲရှိ

## စိန့်မေရီ ဒိုင်အိုစီဇင် မိန်းကလေးအထက်တန်းကျောင်း (ယခု အထက-၁ ပန်းဘဲတန်း) အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၇

စိန့်မေရီဒိုင်အိုစီဇင်မိန်းကလေးအထက်တန်းကျောင်းတွင် ၁၉၄၇ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက် ၆၀ကျော် ဆရာကြီးများအား ကျောင်းသူဟောင်းများ၏ (၃၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကိုဇန်နဝါရီ ၁၀ရက်(စနေနေ့)မွန်းတည့်၁၂နာရီတွင် ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်ရှိ ယခင် စိန့်မေရီ ဒိုင်အိုစီဇင် မိန်းကလေးကျောင်းခန်းမ(ယခုအထက-၁ ပန်းဘဲတန်းကျောင်းခန်းမ)၌ ကျင်းပမည်ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုသူများသည် ဆရာမ ဒေါ်ဘာဘရာ ဖုန်း-၇၁၀၂၁၀၊ ဒေါ်ရိုစီတင်တင်လွမ်း ဖုန်း-၃၈၂၀၁၁၊ဒေါ်ခင်ဖြူဝင်း ဖုန်း-၆၆၆၈၇၁၊ ဒေါ်ဟယ်လင်အောင် ဖုန်း-၆၆၄၅၆၆၊ဒေါ်လော်နာဘီ ဖုန်း-၆၄၁၄၆၆ နှင့် ဒေါ်ဒိုရာခင် ဖုန်း-၂၄၅၆၄၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**

**(၂၈-၁၂-၂၀၀၈) ရက်နေ့**

**၂၀၀၉ခုနှစ် ဇန်နဝါရီလအတွက်**

**(၁၁-၁-၂၀၀၉)ရက်နေ့ နှင့် (၂၅-၁-၂၀၀၉)ရက်နေ့**

## အချိန်အတန်ကြာ နှပ်ထားသောရေနွေးကြမ်း သွားပိုးစားမှုမှ ကာကွယ်ပေးနိုင်

**မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး**

အချိန်အတန်ကြာနှပ်ထားသော ရေနွေးကြမ်းကို နေ့စဉ်ပုံမှန်သောက်ပေးပါက သွားပိုးစားခြင်းနှင့် အခြားသွားရောဂါများဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

လျော့နည်းသက်သာ

အချိန်အတန်ကြာနှပ်ထားသော ရေနွေးကြမ်းသည် ရိုးရိုးရေနွေးကြမ်းကဲ့သို့ ကျန်းမာရေးအတွက် အကျိုးအာနိသင် မများသော်လည်း သွားနှင့်ပတ်သက်၍ သွားကျဉ်ခြင်း၊ သွားနာခြင်း၊ သွားဖုံးများ အနာဖြစ်စေခြင်းများ ဖြစ်ပွားမှုကို လျော့နည်း သက်သာစေကြောင်း သုတေသနပြုချက်၌ ဖော်ပြသည်။

အကာအကွယ်ပေးနိုင်

အချိန်အတန်ကြာ နှပ်ထားသော ရေနွေးကြမ်းသည် ခန္ဓာကိုယ်အတွင်း ဆဲလ်များအားကောင်းစေရန် တွန်းအားတစ်ရပ်ဖြစ်ပြီး ဆဲလ်ပျက်စီးမှုကိုလည်း အကာအကွယ်ပေးနိုင်ကြောင်း သိရသည်။

ထို့အပြင် အချိန်အတန်ကြာနှပ်ထားသော ရေနွေးကြမ်းသည် သွားကင်ဆာမဖြစ်ပွားအောင် ကာကွယ်နိုင်ပြီး သောက်သုံးခြင်းနှင့် ပလုတ်ကျင်းခြင်းတို့ နေ့စဉ်ပြုလုပ်ပါက သွားကျန်းမာရေးကောင်းမွန်ရန် အထောက်အကူပြုကြောင်း သိရသည်။

## မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် (သန်းသန်းနု ကိုးကားတင်ပြသည်)

## ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ မိုးအနည်းငယ်ရွာဖွယ်ရာရှိ

ရန်ကုန် ဒီဇင်ဘာ ၂၇

**ဒီဇင်ဘာ ၂၇ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကိုဖော်ပြရလျှင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အလယ်ပိုင်းနှင့်မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့သည်။ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊စစ်ကိုင်းတိုင်း အောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။**

**ညအပူချိန်**

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင် တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ ရှိသည်။ ရှမ်းပြည်နယ်၊ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၄ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ဟုမ္မလင်းမြို့နှင့် မိတ္ထီလာမြို့တို့တွင် ဝဒသမဝ၂လက်မစီနှင့် ဘားအံမြို့တွင် ဝဒသမဝ၈လက်မဖြစ်သည်။

ဒီဇင်ဘာ၂၈ရက် **(ယနေ့)**ပြည်နယ်နှင့်တိုင်း၏ ရာသီဥတုအခြေအနေကိုခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဒီဇင်ဘာ၂၈ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။

**သာယာ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင်တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

# တာလီဘန်များအား နိုင်ငံစုံတပ်ဖွဲ့က ထိုးစစ်ဆင် အာဖဂန်အရှေ့ပိုင်း၌ စစ်သွေးကြွနှစ်ဦး သေဆုံး

ကဘူးလ် ဒီဇင်ဘာ ၂၇

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ကာပီဆာပြည်နယ်တွင် ဒီဇင်ဘာ ၂၄ ရက်က အမေရိကန်နှင့် အပေါင်းပါနိုင်ငံစုံတပ်ဖွဲ့ဝင်များက တာလီဘန်ကွန်ရက်များအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ လက်နက်ကိုင် စစ်သွေးကြွနှစ်ဦးသေဆုံးခဲ့ပြီး နှစ်ဦးကို ထပ်မံဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များက ဒီဇင်ဘာ ၂၅ရက်တွင် သတင်းထုတ်ပြန်သည်။

**ဖြစ်ပွား**

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကဘူးလ်မြို့ လက်ချ်မန်းပြည်နယ်နှင့် ကာပီဆာပြည်နယ်တို့တွင် တာလီဘန်စစ်သွေးကြွများ၏ ကွန်ရက်များကို ပစ်မှတ်ထားထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည့် သုံးရက်တာကာလတွင် ကာပီဆာပြည်နယ် တာဂက်ဘ်ခရိုင်၌ ဖြစ်ပွားခဲ့သော ယခုဖြစ်ရပ်သည် ဒုတိယမြောက်ဖြစ်ရပ်ဖြစ်သည်။

**ထိန်းသိမ်း**

၎င်းတပ်ဖွဲ့ဝင်များသည် ပစ်မှတ်ထားသော ဒေသများအတွင်းသို့ချဉ်းနင်း ဝင်ရောက်ရာမှ ပစ္စတိုနှင့် လက်ပစ်ဗုံးများ ကိုယ်စီအသီးသီး ကိုင်ဆောင်ထားသော စစ်သွေးကြွရှစ်ဦးနှင့် ပက်ပင်းတိုးကာ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးဆောင်ရွက်စဉ်အတွင်း တာလီဘန်စစ်သွေးကြွများအား လက်နက်ငယ်များဖြင့် ခြောက်လှန့်ပစ်ခတ်ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်သွေးကြွနှစ်ဦး သေဆုံးကာ တာလီဘန်စစ်သွေးကြွများဟု သံသယရှိသူနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

**တပ်ဖြန့်ချထား**

ပဋိပက္ခများဖြင့် ဖွတ်ဖွတ်ညက်ညက်ကြေနေသော အာဖဂန်နစ္စတန် နိုင်ငံတွင် နိုင်ငံစုံတပ်ဖွဲ့ဝင် ၇၀၀၀၀ဖြင့် အင်အားတောင့်တင်းစွာ တပ်ဖြန့်ချထားသည်။ သို့သော်လည်း တရိပ်ရိပ်တက်လာသော ပဋိပက္ခများနှင့် တာလီဘန်နှင့်ဆက်နွှယ်သော အကြမ်းဖက်သောင်းကျန်းမှုများကြောင့် ယခုနှစ်အတွင်း ယနေ့အထိ အပြစ်မဲ့ပြည်သူ ၅၀၀၀ ကျော်သည်အထိ အသက်ပေါင်းများစွာ စတေးခဲ့ကြရကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

**ပေါက်ကွဲမှုဖြစ်ပွား**

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ရှုလာအရပ်ရှိ စားသောက်ဆိုင်တစ်ဆိုင်၏ရှေ့၌ ဒီဇင်ဘာ၂၅ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသောဆိုင်၏ အတွင်းပိုင်းကို တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

# ရာမာဒီမြို့၌ တိုက်ခိုက်မှုဖြစ်ပွား ရဲတပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံး

ရာမာဒီ ဒီဇင်ဘာ ၂၇

အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ဒီဇင်ဘာ ၂၆ရက်က အီရတ်လက်နက်ကိုင်များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အီရတ်ရဲတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရာမာဒီရဲတပ်ဖွဲ့က ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

အခင်းဖြစ်ပွားမှုမှာ ရာမာဒီမြို့လယ်တွင်ဖြစ်ပြီး မွန်းလွဲ ၂ နာရီအချိန်ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အီရတ်လက်နက် ကိုင်တိုက်ခိုက်ရေးသမားများအနေဖြင့် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်နေသည့် အီရတ်ရဲတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်းဖြစ်သည်။

**ပစ်မှတ်ထား**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်လည်း ဒီဇင်ဘာ၂၆ရက် မွန်းလွဲ၁နာရီခန့်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အီရတ်ပြည်သူ သုံးဦးသေဆုံးခဲ့သည်။ ယင်းဗုံးမှာ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်များကို ပစ်မှတ်ထားသော လမ်းဘေးဗုံးဖြစ်သော်လည်း ဘတ်စ်ကားတစ်စီး ဖြတ်သန်းမောင်းနှင်စဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# မြေအောက်မှောင်ခို ဥမင်လိုဏ်ခေါင်းများ အစ္စရေးဖျက်ဆီးပစ်မည်ဟု သတိပေး

ဂါဇာ ဒီဇင်ဘာ ၂၇

အစ္စရေးလေယာဉ်က ဂါဇာကမ်းမြောင်တောင်ပိုင်းတွင် စာရွက်စာတမ်းများ ကြဲချပြီးနောက် အီဂျစ်နိုင်ငံအထိပေါက်သော မြေအောက်မှောင်ခိုဥမင်လိုဏ်ခေါင်းများကို ဖျက်ဆီးပစ်မည်ဟု သတိပေးလိုက်ကြောင်း ပါလက်စတိုင်း မျက်မြင်တွေ့ရှိ သူများက ဒီဇင်ဘာ ၂၅ရက်၌ ပြောကြားသည်။

**ဖော်ပြ**

ဂါဇာကမ်းမြောင်သို့ လောင်စာနှင့် ကုန်ပစ္စည်းများ မှောင်ခိုခိုးသွင်းရေး အသုံးချရန် ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့နှင့် အီဂျစ်နိုင်ငံတို့အကြား မကြာမီက ဥမင်လိုဏ်ခေါင်း ၄၀၀ကျော် တူးဖော်ထားကြောင်း မီဒီယာသတင်းများတွင် ဖော်ပြပါရှိသည်။

**သိမ်းပိုက်**

ပါလက်စတိုင်း စစ်သွေးကြွ ဟားမတ်စ်အုပ်စုက ဂါဇာကမ်းမြောင်ကို သိမ်းပိုက်ပြီးနောက် အစ္စရေးနိုင်ငံက ဂါဇာကမ်းမြောင်ကို ၂၀၀၇ခုနှစ် ဇွန်လတွင် ပိတ်ပစ်လိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

**အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ အနောက်ဘက်ရှိ ဟာရက်ပြည်နယ်တွင် နေတိုးတပ်ဖွဲ့များ၏ ယာဉ်တန်းကို အသေခံ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၂၆ရက်က တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

# အာဖဂန်၌ နေတိုးတပ်ဖွဲ့ဝင် သေဆုံး

ကဘူးလ် ဒီဇင်ဘာ ၂၇

အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ဆင်ရေးဆောင်ရွက်နေရာ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ စစ်သွေးကြွတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် နေတိုးတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးခဲ့ကြောင်း ဒီဇင်ဘာ၂၅ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

တပ်ဖွဲ့ဝင်တစ်ဦးသည် ဒီဇင်ဘာ ၂၄ ရက်က ရန်သူ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း နေတိုးတပ်ဖွဲ့၏ သတင်းတစ်ရပ်တွင်ဖော်ပြသော်လည်း အသေးစိတ်ကို ထုတ်ပြန်ခဲ့ခြင်းမရှိချေ။ အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် စစ်ဆင်ရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်ကြသည်။ သို့သော်လည်း နေတိုးတပ်ဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံတွင် သေဆုံးသည့် တပ်ဖွဲ့ဝင်သည် မည်သည့်နိုင်ငံသားဖြစ်သည်ကို ထုတ်ပြန်ရန် ငြင်းဆိုပြီး ၎င်းတို့၏ အခြားသေဆုံးမှုများနှင့် ပတ်သက်ပြီး အသေးစိတ်ကိုလည်း ဖော်ပြခဲ့ခြင်းမရှိချေ။ **(အင်တာနက်)**

# အမေရိကန်အနောက်ပိုင်းဒေသ၌ မုန်တိုင်းသတိပေးချက် ထုတ်ပြန်

နီဗားဒါး ဒီဇင်ဘာ ၂၇

အမေရိကန်နိုင်ငံ အနောက်ပိုင်းဒေသအများအပြားတွင် ဒီဇင်ဘာ ၂၆ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျရောက်နေသည့်အပြင် မုန်တိုင်းတိုက်ခတ်နိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားသည်ဟု အမေရိကန် အမျိုးသားသဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

**ပြောကြား**

ကော်လိုရာဒိုပြည်နယ် အနောက်တောင်ပိုင်းတွင် ဆီးနှင်းများ သုံးပေအထိ ကျဆင်းခဲ့ပြီး သွားလာရေး ခက်ခဲလျက်ရှိကြောင်း၊ ထို့အပြင် တစ်နာရီ မိုင် ၈၀နှုန်း တိုက်ခတ်နိုင်သည့် မုန်တိုင်းလည်း တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း ပြောကြားသည်။

**ဆိုးရွား**

ရာသီဥတုဆိုးရွားပြီး နှင်းများအဆက်မပြတ်ရွာသွန်းမှုကြောင့် မော်တော်ယာဉ်သွားလာရေး ခက်ခဲလျက်ရှိကြောင်း၊ ရာသီဥတုဆိုးရွားမှုကြောင့် ခရီးသည် အများအပြား သောင်တင်နေကြကြောင်း သိရသည်။

**ဖျက်သိမ်း**

ချီကာဂိုမြို့ နိုင်ငံတကာလေဆိပ်တွင် မုန်တိုင်းတိုက်ခတ်မှု သတင်းကြောင့် လေယာဉ်ခရီးစဉ် ၁၀၀ကျော် ဖျက်သိမ်းခဲ့ရသည်။ ၃၇နှစ်အတွင်း အဆိုးရွားဆုံး ဆီးနှင်းကျမှုဖြစ်ကြောင်း ၎င်းအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

# ယူကရိန်းတောင်ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား ငါးထပ်လူနေအဆောက်အအုံပြိုကျ ၂၇ဦးသေဆုံး

ကိယက်ဗ် ဒီဇင်ဘာ ၂၇

ယူကရိန်းနိုင်ငံတောင်ပိုင်းတွင် လူနေအဆောက်အအုံတစ်ခု ဒီဇင်ဘာ ၂၆ရက်က ပေါက်ကွဲမှုကြောင့် ပြိုကျခဲ့ရာ ၂၇ ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းရဲတပ်ဖွဲ့က ပြောကြားသည်။

**ကယ်ဆယ်**

အဆောက်အအုံပျက်အတွင်းမှ လူ၂၀ခန့်ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ သို့သော် အပျက်အစီးအောက်၌ ပိတ်မိနေသူများရှိနေဆဲဖြစ်ကြောင်း ရဲတပ်ဖွဲ့အရာရှိများက ပြောကြားသည်။

**စုံစမ်းစစ်ဆေး**

အဆိုပါလူနေ အဆောက်အအုံမှာလည်း ယူကရိန်းနိုင်ငံတောင်ပိုင်း ကရိုင်းမီးယားကျွန်းဆွယ်ရှိ ယက်ဗ်ပါတိုးရီးယားမြို့တွင်ရှိပြီး ငါးထပ်လူနေအဆောက်အအုံဖြစ်သည်။

ပေါက်ကွဲမှုကြောင့် ယင်းလူနေအဆောက်အအုံပြိုကျခဲ့ခြင်းဖြစ်ပြီး မည်သို့ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

**ယူကရိန်းနိုင်ငံတောင်ပိုင်း ကရိုင်းမီးယားကျွန်းဆွယ်ရှိ ယက်ဗ်ပါတိုးရီးယားဆိပ်ကမ်းမြို့၌ ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် အထပ်ငါးထပ်ပါ လူနေတိုက်ခန်းများ ပြိုကျပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။** (အင်တာနက်ဓာတ်ပုံ)

# မိုဆူးလ်၌ အသေခံကားဗုံးခွဲတိုက်ခိုက် ကလေးငယ်နှစ်ဦးအပါအဝင် ခုနစ်ဦးဒဏ်ရာရ

မိုဆူးလ် ဒီဇင်ဘာ ၂၇

**အီရတ်နိုင်ငံ မိုဆူးလ်မြို့အနီးရှိ ကျေးရွာတစ်ရွာ၌ ဒီဇင်ဘာ ၂၇ရက်က အသေခံကားဗုံးဖောက်ခွဲ တိုက်ခိုက်မှုကြောင့် ကလေးငယ်နှစ်ဦးအပါအဝင် အရပ်သားခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။**

ဖောက်ခွဲတိုက်ခိုက်

အသေခံဖောက်ခွဲရေးသမားမှာ ထရပ်ကားအား ကျေးရွာအတွင်းရှိ အိမ်တစ်အိမ်ရှေ့၌ ၎င်း၏ကားကို ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းကျေးရွာမှာ မိုဆူးလ်မြို့တောင်ဘက် ကီလိုမီတာ ၆၀အကွာရှိ အယ်လ်ကွာယာရာဒေသ အယ်အာဟာကျေးရွာဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

## အင်တာနက်ကျန်းမာရေး

# ကိုယ်အလေးချိန်များသူတို့ နှလုံးကျန်းမာရေးထိခိုက်

သာမန်ထက်ကိုယ်အလေးချိန်များသူတို့သည် နှလုံးကျန်းမာရေးကို ထိခိုက်စေကြောင်း၊ နှလုံးရှိဇီဝဖွဲ့စည်းမှုများ ရှင်သန်ဖွံ့ဖြိုးမှု လျော့နည်းစေကြောင်း စပိန်သုတေသနပညာရှင်များက ပြောကြားသည်။

သာမန်ထက် ကိုယ်အလေးချိန်များသူတို့အနေဖြင့် ခန္ဓာကိုယ်တွင် ကိုယ်လက်စထရေများပြားပြီး သွေးလည်ပတ်စီးဆင်းမှုလည်း နှေးကွေးကာ နှလုံးသို့လိုအပ်သော အကျိုးပြုသွေးများ ပေးပို့နိုင်မှုနည်းပါးသွားစေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အပိုဝန်ဆောင်ထားရသော ခန္ဓာကိုယ်အလေးချိန်ကြောင့် နှလုံး၏လုပ်ငန်းစဉ်များလည်း သာမန်ထက်နှစ်ဆမျှ တာဝန်ပိုမိုထမ်းဆောင်နေရသဖြင့် နှလုံးကျန်းမာရေးကို ထိခိုက်စေကြောင်း သိရသည်။

အရပ်အမြင့် ၅ပေ ၁၀လက်မမြင့်သော အမျိုးသားတစ်ဦးသည် ကိုယ်အလေးချိန် ၃ဒသမ ၂ကီလိုတိုးတိုင်း နှလုံးရောဂါဖြစ်ပွားနိုင်မှု ၁၁ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ ထို့အတူ ပေါင် ၁၈၀အထက် ကိုယ်အလေးချိန်ရှိသူများ၌ နှလုံးရောဂါဖြစ်ပွားမှု အခွင့်အလမ်း ၃၀မျှရှိကြောင်း သိရသည်။

(အင်တာနက်)

---

**ကမ္ဘာ့အထင်ကရ ပုဂ္ဂိုလ်များ**

# ကွန်ပျူတာကိုတီထွင်ခဲ့သူ သင်္ချာနှင့်ရူပဗေဒပညာရှင်ဂျွန်ဗင်းဆင့်အတာနာဆော့ဖ်

## (၁၉၀၃-၁၉၉၅)

ယနေ့ခေတ်နည်းပညာ လောကတွင် ခရီးရောက်ပြီး တွင်ကျယ်စွာ အသုံးပြုနေရသော ကွန်ပျူတာကို တီထွင်ခဲ့သူ သင်္ချာနှင့် ရူပဗေဒ ပညာရှင်ကြီး ဂျွန်ဗင်းဆင့် အတာနာဆော့ဖ်ကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ ဟာမီလ်တန် အရပ်၌ ၁၉၀၃ ခုနှစ် အောက်တိုဘာ ၄ရက်တွင် အဖ ဂျွန်အတာနာဆော့ဖ်နှင့် မိခင် အီဗာလူစီနာပါဒီတို့က မွေးဖွားခဲ့သည့် သားဦးဖြစ်သည်။ ဂျွန်ဗင်းဆင့်အတာနာဆော့ဖ်သည် အသက်ငယ်ရွယ်စဉ်ကတည်းကပင် သင်္ချာပညာ၌ လွန်လွန်ကျူးကျူး စိတ်ဝင်စားခဲ့သည်။

### စတင်လေ့လာ

ဂျွန်ဗင်းဆင့်သည် အသက်၁၀နှစ်သားအရွယ်ကပင် သူ၏ဖခင်ဝယ်ယူလာခဲ့သော လျှော့တွက်မျဉ်းတံကို စိတ်ဝင်စားခဲ့သည်။ သူ၏ လျှော့တွက်မျဉ်းတံကို မည်သို့ အသုံးပြုရမည်ကို လျှော့တွက်မျဉ်းတံပေါ်မှ အညွှန်းစာများကို ဖတ်ရာမှ လျှော့တွက်မျဉ်းတံ၏ သင်္ချာပညာဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ပိုမိုစိတ်ဝင်စားလာခဲ့သည်။ ဂျွန်ဗင်းဆင့်သည် ဖခင်ပိုင်ဆိုင်သော ကောလိပ်အက္ခရာသင်္ချာကို သူ၏မိခင်အကူအညီဖြင့် စတင်လေ့လာခဲ့သည်။

### တက်ရောက်ပညာသင်ကြား

နောက်ပိုင်းနှစ်များတွင် ဂျွန်ဗင်းဆင့်၏မိဘများသည် ဖလော်ရီဒါပြည်နယ် အိုးလ်ချီကိုရာမြို့လေးသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ သူသည် မူလ်ဘာရီ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ပြီး နှစ်နှစ်အတွင်း၌ အထက်တန်းအောင်မြင်ခဲ့သည်။ သူသည် သိပ္ပံနှင့်သင်္ချာဘာသာရပ်များအားလုံးတွင် အဆင့်အေ ရရှိခဲ့သည်။ ဂျွန်ဗင်းဆင့်သည် အလုပ်လုပ်ပြီး ငွေစုချင်သည့်အတွက် တက္ကသိုလ်သို့ တိုက်ရိုက်တက်ရောက်ခြင်းမပြုခဲ့ပေ။ ၁၉၂၁ခုနှစ်တွင် ဂျွန်ဗင်းဆင့်သည် ဘွဲ့ကြိုသင်တန်းသားအဖြစ် ဖလော်ရီဒါတက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားခဲ့သည်။ ၁၉၂၅ခုနှစ်တွင် ဂျွန်ဗင်းဆင့်သည် သိပ္ပံဘွဲ့ကို အင်ဂျင်နီယာဘာသာရပ်ဖြင့် ရရှိခဲ့သည်။ ဘွဲ့ကြိုကျောင်းသားတစ်ဦးအနေဖြင့် သူသည်သိပ္ပံဘာသာရပ်အားလုံးတွင် ဂုဏ်ထူးဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့သည်။

### လက်ထပ်

၎င်းသည် မဟာသိပ္ပံဘွဲ့ကို ဆက်လက်သင်ယူနိုင်ရန်အတွက် အိုင်အိုဝါပြည်နယ်ကောလိပ်သို့ ဆက်လက်တက်ရောက်ခဲ့သည်။ သူသည် အိုင်အိုဝါတက္ကသိုလ်၌ နောင်တွင် ၎င်း၏ဇနီးဖြစ်လာမည့် လူရာမိခ်နှင့် တွေ့ဆုံခဲ့ရသည်။ ထိုသို့တွေ့သည့်အချိန်တွင် လူရာက သူ့ထက်တက္ကသိုလ်အတန်းပညာသုံးနှစ်စောသည်ကို မသိခဲ့ပေ။ ဂျွန်ဗင်းဆင့်သည် ၁၉၂၆ခုနှစ်တွင် သင်္ချာဘာသာ အဓိကဖြင့် အိုင်အိုဝါပြည်နယ်ကောလိပ်မှ မဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။ ဂျွန်ဗင်းဆင့် မဟာသိပ္ပံဘွဲ့ရရှိပြီး ရက်ပိုင်းအတွင်းတွင်ပင် ဂျွန်ဗင်းဆင့်နှင့် လူရာတို့ ထိမ်းမြားလက်ထပ်ခဲ့ကြသည်။

### တာဝန်ထမ်းဆောင်

ဂျွန်ဗင်းဆင့်သည် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် သဘောတရားရေးရာ ရူပဗေဒဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ (ပီအိပ်ချ်ဒီဘွဲ့) ကိုရယူရန် ဝစ္စကွန်ဆင်တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ခဲ့သည်။ ဂျွန်ဗင်းဆင့်သည် ဒေါက်တာဘွဲ့ တက်ရောက်သင်ကြားရန် အရွေးခံခဲ့ရသည့် တစ်နှစ်တည်းမှာပင် သူ၏ဇနီးသည်က သူတို့ဇနီးမောင်နှံ၏ အကြီးဆုံးသမီးဖြစ်သည့် အယ်လ်ဆီကို မွေးဖွားခဲ့သည်။ ၁၉၃၀ပြည့်နှစ်တွင် ဂျွန်ဗင်းဆင့်သည် ဝစ္စကွန်ဆင်တက္ကသိုလ်မှ ဒေါက်တာဘွဲ့ရရှိခဲ့သည်။ ထို့နောက်သူသည် အိုင်အိုဝါပြည်နယ်ကောလိပ်သို့ ပြန်လာခဲ့ပြီး သင်္ချာနှင့်ရူပဗေဒ လက်ထောက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

### သိမြင်ခဲ့

ဒေါက်တာဂျွန်ဗင်းဆင့်သည် သင်္ချာဆိုင်ရာအတွက်အချက်၌ ပိုမြန်ဆန်သော နည်းလမ်းသစ်များကိုရှာဖွေရာတွင် အမြဲစိတ်ပါဝင်စားဝါသနာထုံခဲ့သည်။ သူသည် ထိုအချိန်ကရှိနေသော တွက်ချက်ခြင်းဆိုင်ရာ ပစ္စည်းကိရိယာအများအပြားကို အမြဲစစ်ဆေးသုတေသနပြုနေလေ့ရှိသည်။ ယင်းပစ္စည်းများထဲတွင် မွန်ရိုးဂဏန်းတွက်စက်နှင့် နိုင်ငံတကာ စီးပွားရေးဇယားကွက်ခွဲကိရိယာ (အိုင်ဘီအမ်)ပါဝင်သည်။ ထိုသို့ လေ့လာရာမှ ၎င်းကိရိယာများသည် တွက်ချက်ရာတွင်နှေးကွေးပြီး တိကျမှုမရှိသည်ကို သုံးသပ်သိရှိခဲ့သည်။

### တီထွင်ရန်အကြံရခဲ့

ဒေါက်တာဂျွန်ဗင်းဆင့်သည် တွဲဖက်ပါမောက္ခအဖြစ်သို့ ရာထူးတိုးမြှင့်ခံရပြီးနောက် ဂဏန်းခြေစနစ်ဖြင့်သုံးသော တွက်ချက်ရေးကိရိယာကို စတင်တီထွင်ကြံဆခဲ့သည်။ သူသည် တစ်ခုနှင့်တစ်ခု ဆင်ဆင်တူသော တွက်ချက်ရေးကိရိယာများသည် အထိုင်ကျဉ်းကျပ်သည့်အပြင် သူလိုချင်သော တိကျမှုကို မရရှိနိုင်ဟု ယုံကြည်ထားသူဖြစ်သည်။ သူသည် စားသောက်ဆိုင်တစ်ခုတွင် ထိုင်နေစဉ်အတွင်း လျှပ်စစ်ဒစ်ဂျစ်တယ်ကွန်ပျူတာကို တီထွင်ရန်အကြံရခဲ့လေသည်။

### ချွတ်ချော်မှုများ

ဒေါက်တာဂျွန်းဗင်းဆင့်သည် သူ၏လျှပ်စစ်ဒစ်ဂျစ်တယ် ကွန်ပျူတာကို တီထွင်ရန် စည်းမျဉ်းစည်းကမ်းလေးခုဖြင့် အကြံရခဲ့သည်။ ၎င်းတို့မှာ ကွန်ပျူတာကို တီထွင်ရေးအတွက် လျှပ်စစ်နှင့် လျှပ်စစ်ပစ္စည်းများကို ဆက်သွယ်ရေးနည်းလမ်းအဖြစ် အသုံးပြုရေး၊ ကွန်ပျူတာတွင် ဂဏန်းနှစ်လုံးကို အခြေခံသည့်စနစ်ကို အသုံးပြုရေး၊ မှတ်ဉာဏ်အတွက် လျှပ်သိုပစ္စည်း(ကွန်းဒင်ဆာ)များကို သုံးရန်နှင့် လျှပ်စစ်ဓာတ်အားကျမှုကြောင့် ဖြစ်ပေါ်လာဖွယ်ရှိသော ချွတ်ချော်မှုများကို ရှောင်ရှားနိုင်ရန်အတွက် လျှပ်စစ်ပြန်လည် အားဖြည့်စနစ်ကို အသုံးပြုရေး၊ ကျိုးကြောင်းဆီလျော်ယုတ္တိတန်သော အဖြေများကို တွက်ချက်အဖြေထုတ်နိုင်ရေးနှင့် ဆင်ဆင်တူသော တွက်ချက်ရေးကိရိယာများကို အသုံးပြုခြင်းဖြင့် တစ်ခုချင်းရေတွက်ရသည့်အဖြစ်မျိုးတို့ကို မဖြစ်စေရေးတို့ပင် ဖြစ်သည်။

### ရေခံမြေခံကောင်း

ဒေါက်တာဂျွန်ဗင်းဆင့်သည် သူ၏ ကွန်ပျူတာစီမံကိန်း အကောင်အထည်ဖော်စဉ်ကာလတွင် သူ၏လုပ်ငန်းအား အကူအညီပေးရန်အတွက် ကောလိပ်က ထောက်ခံပေးသောဘွဲ့ရကျောင်းသားတစ်ဦးအား ထားပေးရန် တောင်းဆိုခဲ့သည်။ သူ့အား ကူညီရန်ရောက်ရှိလာသော ကျောင်းသားမှာ ကလစ်ဖို့ဒ်ဘယ်ရီအမည်ရှိ ကျောင်းသားဖြစ်သည်။ ဘယ်ရီသည် ပညာပါရမီရှိကာ ထူးချွန်ထက်မြက်သော လျှပ်စစ်အင်ဂျင်နီယာ ကျောင်းသားတစ်ဦးဖြစ်ပြီး ဒေါက်တာဂျွန်ဗင်းဆင့်ကဲ့သို့ပင် ပညာရေခံမြေခံကောင်းသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် ဒေါက်တာဂျွန်းဗင်းဆင့်အတာနာဆော့ဖ်နှင့် ကလစ်ဖို့ဒ်ဘာရီတို့သည် ချက်ချင်းဆိုသကဲ့သို့ အချိန်အတိုအတွင်းမှာပင် တစ်သားတည်း ဖြစ်သွားသည်။

### လုပ်ဆောင်ခဲ့

၁၉၃၉ခုနှစ် ဒီဇင်ဘာလတွင် အတာနာဆော့ဖ်ဘာရီ ကွန်ပျူတာ (အေဘီစီ)၏ ရှေ့ပြေးပုံစံကို ထုတ်လုပ်ရန်အသင့် ဖြစ်နေခဲ့ပေပြီ။ အေဘီစီ ကွန်ပျူတာ၏ စွမ်းပကားကို ဒေါက်တာဂျွန်ဗင်းဆင့်နှင့် ကလစ်ဖို့ဒ်ဘယ်ရီတို့သည် ကမ္ဘာ့ပထမဦးဆုံးသော လျှပ်စစ်ဒီဂျစ်တယ် ကွန်ပျူတာကို တီထွင်ခဲ့သည်။ ရှေ့ပြေးကွန်ပျူတာသည် အလုပ်ဖြစ်ခဲ့ပြီး ဒေါက်တာဂျွန်ဗင်းဆင့်သည် အတာနာဆော့ဖ်ဘယ်ရီကွန်ပျူတာကို သိသိသာသာကောင်းမွန်အောင် လုပ်ဆောင်ခဲ့သည်။

### မှားယွင်းစွာမှတ်ယူ

၁၉၄၀ပြည့်နှစ်တွင် ဒေါက်တာ ဂျွန်ဗင်းဆင့်သည် ဒေါက်တာဂျွန်ဒဗလျူမော့ချ်လီပို့ချသော သင်တန်းကို တက်ရောက်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် အချိန်တော်တော်ကြာကြာ ဆွေးနွေးခဲ့ပြီး ဒေါက်တာမော့ချ်လီသည် ဒေါက်တာ ဂျွန်ဗင်းဆင့်၏ လျှပ်စစ်ဒစ်ဂျစ်တယ်ကွန်ပျူတာနှင့်ပတ်သက်၍ အလွန်စိတ်ဝင်စားခဲ့သည်။ ဒေါက်တာမော့ချ်လီသည် အေဘီစီကွန်ပျူတာကို သူကိုယ်တိုင် စောင့်ကြည့်လိုသည်ကို ဒေါက်တာဂျွန်ဗင်းဆင့်က သဘောတူခဲ့သည်။ ယင်းကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းသည် ဒေါက်တာဂျွန်ဗင်းဆင့်၏ အမှားတစ်ရပ်ကို ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ဒေါက်တာ မော့ချ်လီသည် ထိုသို့ကြည့်ပြီးကတည်းက ဒေါက်တာဂျွန်ဗင်းဆင့်၏ အီးအင်န်အိုင်အေစီ ကွန်ပျူတာထုတ်လုပ်ရန် အကြံအစည် စိတ်ကူးများကို ကောင်းကောင်း အသုံးချခဲ့သည်။ ထို့ကြောင့်ပင် အီးအင်န်အိုင်အေစီ ကွန်ပျူတာသည် ဒေါက်တာမော့ချ်လီနှင့် ဒေါက်တာ အက်ကတ်တို့ ဒီဇိုင်းထုတ်လုပ်သည့် ကမ္ဘာ့ပထမဦးဆုံးသော လျှပ်စစ်ဒစ်ဂျစ်တယ်ကွန်ပျူတာအဖြစ် ကမ္ဘာ့ပြည်သူအများစုက မှားယွင်းစွာ မှတ်ယူခဲ့ကြသည်။

### ထာဝရရှင်သန်

သို့သော်လည်း ဒေါက်တာမော့ချ်လီသည် အီးအင်န်အိုင်အေစီ တွဲဖက်တီထွင်သူအဖြစ် မူပိုင်ခွင့်ကို အလွဲသုံးစားလုပ်မှုနှင့် စွဲချက်တင်ခံရကာ ၁၉၇၂ခုနှစ်တိုင်အောင် ကာလကြာရှည်စွာ တရားရင်ဆိုင်ခဲ့ရပြီး နောက်ဆုံးတွင် ဥစ္စာရင်းမှန်သော ဒေါက်တာဂျွန်ဗင်းဆင့်အတာနာဆော့ဖ်က အနိုင်ရရှိခဲ့သည်။ အမှုအပြီးတွင် ဒေါက်တာဂျွန်ဗင်းဆင့်အတာနာဆော့ဖ်သည် လျှပ်စစ်ဒစ်ဂျစ်တယ် ကွန်ပျူတာကို တီထွင်ခဲ့သူအဖြစ် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခြင်းခံခဲ့ရသည်။ ပညာရှင်ကြီး ဒေါက်တာဂျွန်ဗင်းဆင့်အတာနာဆော့ဖ်သည် အသက် ၉၁နှစ်အရွယ် ၁၉၉၅ခုနှစ် ဇွန်၁၅ရက်၌ အမေရိကန်နိုင်ငံ မေရီလန်းပြည်နယ် မွန်ဂိုဗီယာမြို့ရှိ ၎င်း၏နေအိမ်၌ ကွယ်လွန်ခဲ့သည်။ ဒေါက်တာဂျွန်ဗင်းဆင့်အတာနာဆော့ဖ်သည် လူသေသော်လည်း နာမည်မသေဘဲ ၎င်း၏ အေဘီစီကွန်ပျူတာနှင့် အခြားကွန်ပျူတာသုံး ပစ္စည်း၃၂မျိုးကို တီထွင်အောင်မြင်ခဲ့မှုက ထာဝရရှင်သန်နေမည်သာဖြစ်ပေသည်။ ။

*ကိုးကား-အင်တာနက်*

**ချစ်စိုးနိုင် ရေးသားသည်**

---

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

# ခရီးမိုင်အဝေးဆုံး ရေကူးနိုင်သူ

အီတလီ နိုင်ငံသား ရေကူးသမား ဂိုင်ရာကိုနီရာသည် ဒီဇင်ဘာ ၂၄ရက်က ချီလီနိုင်ငံ အနောက်ဘက်ကမ်း ရိုးတန်းရှိ အယ်လ် ဂါရိုဘိုမြို့ ဆိပ်ကမ်းမှ နေ၍ မရပ်မနား ရေကူးခဲ့ရာ ခရီးမိုင် ၆၂မိုင်ကို ၂၄နာရီ အတွင်း ကူးခတ်နိုင်ခဲ့သဖြင့်ကမ္ဘာပေါ်တွင် ခရီးမိုင် အဝေးဆုံး ရေကူးနိုင်သူအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက် ဓာတ်ပုံ)

## ကမ္ဘာ့အရှည်ဆုံးရေးစာ

ရိုမေးနီးယားနိုင်ငံ ဘရာဆော့ဗ်မြို့ရှိ ကလေးငယ် ၂၀၀၀ခန့်က စုပေါင်းပြီး အရှည် ၁၃၅၇ဒသမ ၆၂ပေရှိသော ပေးစာတစ်စောင်ကို ဝိုင်းဝန်းပြီးစာရေးခဲ့ကြရာ စုစုပေါင်းကိုးရက်ကြာမြင့်ခဲ့ရာ ကမ္ဘာပေါ်၌ အရှည်ဆုံး ရေးစာတစ်စောင်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အင်တာနက်)**

---

**နိုင်ငံတကာ သတင်း စုစည်း ဘာသာပြန်သူများ**

*တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း*

# အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

## တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး တက်ရောက်အားပေး

နေပြည်တော် ဒီဇင်ဘာ ၂၇

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်စိုးနှင့်ဇနီးတို့သည် ဒီဇင်ဘာ ၂၃ရက်က တိုင်းအားကစားခန်းမ၌ ကျင်းပသော အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း အမျိုးသား၊အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားကာ ဧည့်သည်များနှင့်အတူ ပထမနေ့ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

**အမှာစကားပြောကြား**

ယင်းနောက် တိုင်းမှူးသည် ဒီဇင်ဘာ ၂၄ ရက်တွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြသလ္လာခန်းမ၌ ကျင်းပသော ပြည်တွင်းပြည်ပတင်ပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် တာဝန်ရှိသူများက တိုင်းအတွင်းမှထွက်ရှိသော ဆန်နှင့်ပဲများ ပြည်တွင်းပြည်ပတင်ပို့နိုင်ရေး လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကိုမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ခရီးသည်များ အန္တရာယ်ကင်းအောင် ပို့ဆောင်နိုင်ရေး ယာဉ်စည်းကမ်း စနစ်တကျမောင်းနှင်ရေး ပညာပေး

ကျိုင်းတုံ ဒီဇင်ဘာ ၂၇

ခရီးသည်များ အန္တရာယ်ကင်းရှင်းစေရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဦးဌေးဝင်း (ပြည်နယ် ဦးစီးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)နှင့် ဒေါ်ညိုညိုအောင် (ပြည်နယ် ဦးစီးမှူး၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန)တို့ ဦးဆောင်၍ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)တို့သည် ဒီဇင်ဘာ ၂၄ ရက်နံနက်ပိုင်း၁၁နာရီက ကျိုင်းတုံမြို့အဝေးပြေးယာဉ်ရပ်နားစခန်းတွင် ခရီးသည်တင်ယာဉ်များကို စစ်ဆေးကြသည်။

ယင်းသို့ စစ်ဆေးရာတွင် ယာဉ်မောင်းများ သတ်မှတ်ချက်နှင့် ညီညွတ်မှု ရှိမရှိ၊ ယာဉ်သက်တမ်းများ ကျော်လွန်ခြင်း ရှိမရှိ၊ ပြေးဆွဲနေသည့် ယာဉ်များအန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲနိုင်မှု အခြေအနေရှိမရှိ၊ လုပ်ငန်းလိုင်စင်များ ရှိ မရှိ၊ သတ်မှတ်စဉ်ခရီးစဉ်ဖြင့် ပြေးဆွဲမှုရှိမရှိနှင့် မီးသတ်ဆေးဘူးများတပ်ဆင်ထားခြင်း ရှိမရှိတို့ကို စစ်ဆေးပြီး စည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ခရီးသည်များ အန္တရာယ်ကင်းအောင် ပို့ဆောင်နိုင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ယာဉ်များ စနစ်တကျမောင်းနှင်စေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကျိုင်းတုံ) က ပညာပေး ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး အလှူငွေပေးအပ်

နေပြည်တော်လယ်ဝေး ဒီဇင်ဘာ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေမှ နေပြည်တော်ပျဉ်းမနား ညောင်ပင်သာကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် အလှူငွေကျပ်သိန်း ၂၀ ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၉ ရက် ညနေ၄နာရီက အဆိုပါကျေးရွာ ပညာ့အလင်းတန်းစာကြည့်တိုက်၌ ကျင်းပသည်။

ရေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက လျှဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်ထံ အလှူငွေကျပ်သိန်း ၂၀ ပေးအပ်ရာ ရပ်မိရပ်ဖဦးထွန်းရွှေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(ဝ၈၃)

# လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေး စပါးခွံသုံး ဓာတ်ငွေ့ထုတ်ကိရိယာ အသုံးပြုပုံသရုပ်ပြ

ကန့်ဘလူ ဒီဇင်ဘာ ၂၇

ရွှေဘိုခရိုင် ကန့်ဘလူမြို့ အမှတ်(၄၀) ထွန်စက်စခန်းက လယ်ယာကုန်ထုတ် စီးပွားဖွံ့ဖြိုးတိုးတက်ရေး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက် ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်ခြင်း၊ ဖြန့်ချိရောင်းချပေးခြင်းနှင့် နည်းပညာများ ကူညီပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ စပါးခွံသုံးဓာတ်ငွေ့ထုတ်ကိရိယာ အသုံးပြုပုံ သရုပ်ပြပွဲကို ဒီဇင်ဘာ ၁၅ရက် နံနက် ၉နာရီခွဲက ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ မြက်ခင်းပြင်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**လက်တွေ့သရုပ်ပြ**

သရုပ်ပြပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ စာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး ကန့်ဘလူမြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၀) ထွန်စက်စခန်းမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးမြင့်သိန်း၊ ဦးကျော်ရှင်းနှင့် စက်မှုကျွမ်းကျင်ဝန်ထမ်းများက စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်ကိရိယာ ကိုင်တွယ်အသုံးပြုပုံ၊ ဓာတ်ငွေ့ထုတ်ပုံ၊ ထိန်းသိမ်းပြုပြင်ပုံနှင့် လောင်စာဆီများအစား ဓာတ်ငွေ့သုံးပုံတို့ကို လက်တွေ့ပြသကြသည်။

စပါးခွံလောင်စာသုံးဓာတ်ငွေ့ဖြင့် ဆန်စက်(ဆန်ကြိတ်ခွဲခြင်း)၊ရေစက်(ရေတင်ရေထုတ်ခြင်း)၊မီးစက်နှင့်အမှုန့်ကြိတ်စက်တို့ကိုမောင်းနှင်လည်ပတ်နိုင်ပြီး လောင်စာဆီများအသုံးပြုခြင်းထက် ကုန်ကျစရိတ် ၇၅ရာခိုင်နှုန်း သက်သာကြောင်း လက်တွေ့ပြသကြသည်။

(ဝ၂၇)



# စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး သံတောင်ကြီး၌ ဆွေးနွေး

သံတောင်ကြီး ဒီဇင်ဘာ ၂၇

သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ရက် နံနက် ၁၀ နာရီက ရွာကြီးကျေးရွာအုပ်စု ပျားစခန်းကျေးရွာ စာကြည့်တိုက်၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ခင်မြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ရွာကြီးကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်သိန်းက ကျေးရွာစာကြည့်တိုက် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး စောတီမသေက စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေး လုပ်ငန်းစဉ်စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်နိုင်ရေးကို ဆွေးနွေးပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

# နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေး သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၇

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်း စောင့်ရှောက်ရေး သင်တန်းအမှတ်စဉ်(၃/၂၀၀၈)ဆင်းပွဲကို ဒီဇင်ဘာ ၂၆ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန(ရုံးဟောင်း) စုစည်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ကိုယ်စား ရဲမှူးချုပ်သန်းဟန် တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**တနိုင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် ဒီဇင်ဘာ၂၀ရက်က မြို့ဝင်ဆိုင်းဘုတ်ဆေးသုတ်ခြင်း၊ မြေယာရှုခင်းအလှပြင် ဆောင်ရွက်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# ညောင်တုန်းမြို့နယ်စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ညောင်တုန်း ဒီဇင်ဘာ ၂၂

ညောင်တုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ ၁နာရီက ညောင်တုန်းမြို့နယ် အထက(၁) လှိုင်ပညာခန်းမတွင် ကျင်းပသည်။

**သဝဏ်လွှာဖတ်ကြား**

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံမှ ပေးပို့သောစာဆိုတော်နေ့သဝဏ်လွှာကို ညောင်တုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ရွှေ (မောင်နေလင်း-ပန်းလှိုင်မြေ)က ဖတ်ကြားသည်။

**ဆုချီးမြှင့်**

ထို့နောက် မိဘမေတ္တာကို ဖော်ကျူးသောဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရဦးခင်မောင်ညို(ဟန်ကြည်ညို)၊ ဒုတိယဆုရ ဦးဇေယျ(နောင်ချမ်းငြိမ်း)၊ တတိယဆုရ ကိုကျော်မျိုးနိုင် (မောင်ရင်ငယ်-ကျေးလက်မြေ)နှင့် ပူးတွဲတတိယဆုရ ဇော်ရဲထူးတို့အား စာရေးဆရာ မောင်လွမ်းနွယ်(အောင်လံ)ကလည်းကောင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီး အန္တရာယ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိကြသည့် အထက(၁)မှ မယွန်းလဲ့ရည်ဝင်း၊ အထက(၂)မှ မောင်မင်းခန့်သာ၊ ဒုတိယဆုရရှိကြသည့် အထက(၂)မှ မောင်ခိုင်စိုး၊ အထက(၁)မှ မိုးစက်ကိုကို၊ တတိယဆုရ အထက(၁)မှ မတိမ်စင်ဝမ်းမောင်တို့အား စာရေးဆရာ သိပ္ပံမှူးတင်**(အပေါ်ဝဲပုံ)**တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် စာရေးဆရာ မောင်လွမ်းနွယ်(အောင်လံ)နှင့် စာရေးဆရာသိပ္ပံမှူးတင်တို့က စာပေဟောပြောကြသည်။

**လက်တွေ့ရှင်းလင်း**

ထိုနေ့နံနက် ၁၀ နာရီကလည်း စာရေးဆရာ သိပ္ပံမှူးတင်က မူလတန်းအရွယ်ကလေးငယ်များအား ဆေးလိပ်၊ ကွမ်း၊ အရက်တို့၏ ဆိုးကျိုးအန္တရာယ်များကို ကလေးငယ်ဘဝမှပင် နားလည်သဘောပေါက်စေရန် လက်တွေ့ရှင်းလင်း ဟောပြောကြသည်။

(၁၅၂)

28-12 (06).pmd 1 12/28/2008, 1:40 AM

# (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၄) ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီး ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသား အားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေး အတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက် ရေး။

## စိမ်းလဲ့ရွှေပြည် သတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၃) ထွက်ပြီ



ရန်ကုန် ဒီဇင်ဘာ ၂၇

ရွေးကောက်ပွဲအကြို တစ်သီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ်များနှင့်တွေ့ဆုံခြင်း ပါဝင်သည့် ယခုတစ်ပတ်သတင်းဂျာနယ် တွင်**(ယာပုံ)** ဆိုင်ကယ်အဝယ်လိုက်ပြီး စက်ဘီးဈေးကျ၊ ဂျပန်ဘီးအသုံးများ၊ အိတ်စပို့ပဲအချို့ ပြည်ပပို့ခွင့်ရ ကုမ္ပဏီ များမှဝယ်၍ အရောင်းအဝယ်သွက် ဈေး မြဲနေ၊ သဘာဝမြေသြဇာအဖြစ် အသုံး ဝင်တဲ့ တီကောင်ကျစ်စာ၊ မြန်မာ့ရွှေချည် ထိုး ပြက္ခဒိန်များ ဒေါ်လာတစ်သိန်းခွဲ ကျော်ဖိုး ထိုင်းနိုင်ငံသို့သွား၊ ထိုင်းအစိုးရ သည် အရန်သိုလှောင်ထားသော ဆန်တန် ချိန် ၁ ဒသမ ၃၇ သန်းကို ရောင်းချသွား မည်၊တရုတ်နိုင်ငံ၏စီးပွားရေးတိုးတက်မှု လျာထားချက်ကိုလျှော့ချရန် ကမ္ဘာ့ဘဏ်က သတိပေးပြောကြားစသည့် ပြည်တွင်း ပြည်ပသတင်းများနှင့်တကွ၊ ထွေးညိုက ချစ်စနိုးတဲ့လား၊ ကမ္ဘာ့သီးနှံရိက္ခာရှားပါးမှု၊ ကားသမား ဘာသာဗေဒ၊ ရေချေးကြမ်း ယဉ်ကျေးမှုဘယ်လဲ၊ မြန်မာနိုင်ငံဒေသအချို့ တွင်လှုပ်ခဲ့သောငလျင်များ၊ သဘောတွေ့ မယ့် အသော့အထေ့စသည့် သုတရသ ဆောင်းပါးများ ဖော်ပြထားသည်။

အဆိုပါ ဂျာနယ်ရနိုင်သောနေရာများမှာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန် သည်လမ်းရှိ စာပေဗိမာန်၊ ဗိုလ်တထောင် မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ် ထုတ်ဝေရေးလုပ်ငန်း၊ ပန်းရွှေပြည်စာအုပ် ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ် ဆိုင်တို့ဖြစ်ပြီး ဆက်သွယ်ရန်နှင့်စာမူပေးပို့ ရန် လိပ်စာမှာ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် မွေ့စေတီလမ်းနှင့် ဗားဂရာ လမ်းထောင့် မြေနီကုန်း စမ်းချောင်း မြို့နယ် ရန်ကုန်မြို့ ဖြစ်သည်။

(သတင်းစဉ်)

## ဇီဝဓာတ်ငွေ့ကန်များ တည်ဆောက်နေမှုနှင့် ငွေချည်(၆)ချည်မျှင်ရှည်ဝါများ ရောင်းချနေမှု တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၇

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်သည် ဒီဇင်ဘာ ၂၄ရက် နံနက် ၈နာရီခွဲက ခေတ်အေးကျေးရွာ တောင်သူ ဦးချိုးတေး၏နေအိမ်နှင့် ဥသျှစ်ကုန်းကျေးရွာ တောင်သူဦးမြမောင်၏ နေအိမ်တို့တွင် တည်ဆောက်လျက်ရှိသော တစ်ပိုင်တစ်နိုင် ဇီဝဓာတ်ငွေ့ကန်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညောင်လွန့်ကျေးရွာ၊ မြောက်မြိုက်ကျေးရွာနှင့် နေပြည်တော်တပ်ကုန်း မြို့နယ်မန်နေဂျာရုံးတို့၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထည်အလိပ်လုပ်ငန်းက ဝါအဝယ်ဒိုင်များဖွင့်လှစ်၍ ဒေသခံတောင်သူများထံမှ ငွေချည်(၆)ချည်မျှင်ရှည်ဝါများ ဝယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကုန်သွယ်မှုမြှင့်တင်ရေး တာချီလိတ်၌ စည်းဝေး

တာချီလိတ် ဒီဇင်ဘာ ၂၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန၊ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်း၏ ၂၀၀၈ခုနှစ် ဒီဇင်ဘာလအတွက် ကုန်သွယ်မှု မြှင့်တင်ရေးအစည်းအဝေးကို ဒီဇင်ဘာ ၁၂ရက် နံနက် ၉နာရီခွဲက တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းက အဖွင့်အမှာစကားပြောကြားပြီး စခန်းတာဝန်ခံ (ညွှန်ကြားရေးမှူး) ဦးတေဇအောင်ဝင်းက နယ်စပ်ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြသည်။

**ဆွေးနွေး**

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်(အထူး)အဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ တာဝန်ရှိသူ များက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

(၀၁၆)

(၁၄)ကြိမ်မြောက် အထက(၁)တာမွေ(၁၉၇၂-၇၃)ခုနှစ် ကျောင်းသားကျောင်းသူ ဟောင်းများ၏ မြတ်ဆရာကန်တော့ပွဲကို ဒီဇင်ဘာ ၂၅ရက်က ပင်လုံခန်းမ၌ ကျင်းပရာ အသက်(၉၅)နှစ်ရှိ ဆရာမကြီး ဒေါ်လှတင်အား ကျောင်းသားကျောင်းသူဟောင်း များက ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။ (၁၇၁)

## တောင်ငူမြို့နယ် ကင်းဆိပ်ကျေးရွာစာကြည့်တိုက်ဖွင့်

တောင်ငူ ဒီဇင်ဘာ ၂၇

တောင်ငူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ဦးဆောင်မှု ဖြင့် ကင်းဆိပ်ကျေးရွာအုပ်စု စိန်ပန်းမြိုင် ကျေးရွာ ထာဝရအမွေ စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၈ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ ထာဝရအမွေစာကြည့်တိုက် အဆောက်အအုံသစ်ကို တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။ **(အောက်ဝဲပုံ)**

**လက်ခံယူ**

ဆက်လက်၍ တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်က အမှာစကား ပြောကြားပြီး ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့် ဇော်က မတည်ငွေကျပ် ၇၅၀၀၀ ပေးအပ် လှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးစံရက လက်ခံယူ သည်။

(မြို့နယ် ပြန်/ဆက်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၅၁)ဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၂၇

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၅၁)၌ ၂၀၀၈ နှစ်ချုပ်သတင်းသုံးသပ်ချက်များနှင့်အတူ ဇင်ယော်နီနှင့် အယူတော်မင်္ဂလာခြံမှဆရာများ ဟောချက်ထုတ်ထားသော 'ဆရာကြီးမင်းသိင်္ခ၏ ပညာခွင်ဖြင့် ၂၀၀၉ ခုနှစ်ကို ကံကြမ္မာ ဖတ်ခြင်း'၊ မြန်မာ့စိုက်ပျိုးမြေများတွင် ကန်ထရိုက်လယ်ယာစနစ်ဖြင့် အကျိုးတူပူးပေါင်းရန် ကူဝိတ်စိတ်ဝင်စား၊ လာမည့်နှစ်တွင် ဘင်္ဂလားပင်လယ်အော်၌ မုန်တိုင်းခြောက်လုံးမှရှစ်လုံး အထိဖြစ်နိုင်၊ ရန်ကုန်တိုင်းရှိဈေးများ မီးဘေးကင်းစေရန် အထူးကင်းများ နေ့ညတိုးမြှင့် ချပေးမည်၊ ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် စင်ကာပူတွင် ပညာသင်ကြားလိုသူ မြန်မာ ကျောင်းသားများနည်းပါးသွား၊ ကိုယ်အလေးချိန်လျှော့ချလိုသူများအတွက် ဆေးဝါးသစ် တစ်မျိုး ဈေးကွက်ဝင်လာ စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဦးသန့်ကိုယ်တိုင် ရေးသားခဲ့သည့် View From the UN စာအုပ်မှ The Search For A Secretary General အပိုင်းကို ကောက်နုတ်ပြန်ဆိုထားသည့် 'ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရှာပုံတော်-၃' သမိုင်းမော်ကွန်း သုံးသပ်ဆောင်းပါးဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

**ဖြန့်ချိ**

ဘားရတ်အိုဘားမားရေး၍ ကိုကို (စက်မှုတက္ကသိုလ်)ဘာသာပြန်ဆိုထားသော 'အဖေ့ဆီက အိပ်မက်များ(၅)'၊ 'အိုဘားမားအစိုးရအနေနဲ့ အလွန်သတိရှိနေမှာဖြစ်ပါတယ်' နိုင်ငံခြားရေးမူဝါဒကျွမ်းကျင်သူ စထရတ်တဲလ်ဘော့နှင့် စပီဂျဲလ်မဂ္ဂဇင်း တို့တွေ့ဆုံမေးမြန်း ခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က နိုင်ငံတော်အား မတည်မငြိမ်ဖြစ်အောင် ကြိုးပမ်းမှုမှန်သမျှကို သတိပေးပြောကြား၊ ကမ္ဘာ့ စီးပွားအကျပ်အတည်းအတွက် ကြိုတင်ကာကွယ်မှုများဆောင်ရွက်ထားရန် အာဖရိကကို အိုင်အမ်အက်ဖ်တိုက်တွန်း၊ ဘုရှ်အား ဖိနပ်ဖြင့်ပစ်ပေါက်သည့်ပြကွက် အာဖဂန် ရုပ်မြင် သံကြား ရယ်ရွှင်ဖွယ်အခန်းတွင် ထည့်သွင်းပြသ၊ အာရှနှင့်ဥရောပမှကလေးများသည် အမေရိကန်မှကလေးများထက် သင်္ချာနှင့်သိပ္ပံ ဘာသာရပ်၌ ပိုထူးချွန်၊ ရေအသောက်လွန်၍ အမျိုးသမီးတစ်ဦးသေဆုံး စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၈-၁၂-၂၀၀၈ရက် (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုအစီအစဉ် |
| ၇း၅၀ | ၅။ | နိုင်ငံစီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ |
| ၈း၀၀ | ၆။ | သက်တံရောင်သံစဉ် |
| ၈း၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၉း၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၀ | ၃။ | တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ် |
| ၁၁း၃၀ | ၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၉) |
| ၁၂း၁၅ | ၅။ | Golf Magazine(TV) |
| ၁၂း၃၅ | ၆။ | **ရေပြင်ညီ** ရန်အောင်၊ ခိုင်သင်းကြည်၊ သစ္စာဝင့်ထည်၊ သူသူဟံသာ (ဒါရိုက်တာ-သက်တင်) |
| ၁၃း၄၀ | ၇။ | International News |
| ၁၃း၅၀ | ၈။ | အကပြိုင်ပွဲ |
| ၁၄း၀၀ | ၉။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၂း၅၀ | ၁။ | ၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ တိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ဒုတိယအကြိုဗိုလ်လုပွဲ) |
| ၄း၄၅ | ၂။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာအထူးပြု) (ဥပဒေပညာ) |
| ၅း၀၀ | ၃။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၄။ | အဆိုပြိုင်ပွဲ |
| ၅း၂၀ | ၅။ | ဆိုကြမယ် ပျော်ကြမယ် |
| ၆း၀၀ | ၆။ | ညနေခင်းသတင်း |
| ၆း၃၀ | ၇။ | မိုးလေဝသအခြေအနေ |
| ၆း၃၅ | ၈။ | ကာတွန်းအစီအစဉ် Pocket Dragon Adventure |
| ၆း၅၀ | ၉။ | တစ်မျက်နှာ တစ်ကွက်စာ |
| ၇း၁၅ | ၁၀။ | (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် |
| ၇း၂၅ | ၁၁။ | နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၆) |
| ၈း၀၀ | ၁၂။ | ပြည်တွင်းသတင်း |
| | ၁၃။ | နိုင်ငံတကာသတင်းများ |
| | ၁၄။ | မိုးလေဝသအခြေအနေ |
| | ၁၅။ | အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု **ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြငှန်း ဖြင့် ခမ်းနားထွန်းပေါ် မြန်မာနိုင်ငံတော်** |
| | ၁၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်စစ်ရှာဖွေခြင်း** (အပိုင်း-၂၀) |
| | ၁၇။ | အစီအစဉ်ပြီး၏။ |

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကရင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၇

**မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ၂၃ရက် နံနက်၇နာရီတွင် ဘားအံမြို့နယ် ဘုရားကုန်းကျေးရွာ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အိန္ဒူ-ဇာသပြင်လမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ စပါးစိုက်လယ်မြေများရေသွင်း၊ ရေထုတ်ကောင်းမွန်စေရေးအတွက် စက်ယန္တရားကြီးများဖြင့် ရေသွင်းမြောင်းများ တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

## ကြည့်ရှုစစ်ဆေး

ထို့နောက် ကျော့ရွာ-ဒေါ်လန်း-နဘူးလမ်းဖောက်လုပ်ထားရှိမှု၊ ဝင်းစိန်ကျေးရွာအနီး ဝင်းစိန်-နောင်မတုတ်-မင်းဇီလမ်းခွဲအား စတင်ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး နတ်ကျွန်းကျေးရွာအနီးရှိ နောင်ကတုတ်အင်းတာပေါင် ပြန်လည်မြှင့်တင်ခြင်းနှင့် လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နဘူး-ဒေါ်လန်း-ကျော့ရွာ ကားလမ်းပိုင်း အခြေအနေများနှင့် လမ်းတစ်လျှောက်ရှိ တံတားများ၏ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် ၁၉မိုင် ၂ဖာလုံနှင့် ၃ဖာလုံကြားရှိ ဒေါ်လန်းတံတား ကြံ့ခိုင်မှုကိုလည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ် ဒေါ်လန်းကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် ကျောင်းသား ကျောင်းသူများပညာသင်ကြားနေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောင်းအစည်းအဝေးခန်းမ၌ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းပြီး ဆရာ ဆရာမများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

## ထောက်ပံ့ပေးအပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကော့ကရိတ်မြို့နယ် နဘူးကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံသုံး ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကိုပေးအပ်လှူဒါန်းကာ ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက် လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ယင်းနောက် ထို့ကော်ကိုးကျေးရွာရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနဝင်းသူဇာအရောင်းဆိုင်တွင်ကုန်ပစ္စည်းများ ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကော့ကရိတ်တပ်နယ် အောင်ဇေယျခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ စားသောက်ဖွယ်ရာ ပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်သည်။

## မိုးစပါးရိတ်သိမ်း

ထို့နောက် ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)ဆံ့ဆေးရုံသစ်ကြီးကို ကြည့်ရှုစစ်ဆေးကာ ကျုံဒိုးမြို့ ကော့ပေါ်ကွင်း၌ တောင်သူဦးစောထွန်းရွှေ၏ မိုးစပါး စိုက်ခင်းများတွင် ကျင်းပသည့် မိုးစပါး စုပေါင်းရိတ်သိမ်းပွဲနှင့် ဆောင်းသီးနှံ ထွန်ယက်စိုက်ပျိုးပွဲကို တက်ရောက်အားပေးပြီး ဆောင်းသီးနှံ ထွန်ယက်စိုက်ပျိုးနေမှုနှင့် မိုးစပါး ရိတ်သိမ်းခြွေလှေ့နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဘားအံ-အိန္ဒူ-ဂျိုင်း-ကျုံဒိုးလမ်း မိုင်တိုင်အမှတ် ၃၉မိုင်နှင့် မိုင်တိုင်၄၀ကြား၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကျားကလေး-ကျူပဲ-ဇာသပြင် ကျေးရွာချင်းဆက်လမ်း၁၅မိုင်၃ဖာလုံ၏လမ်းပိုင်းအခြေအနေများကိုလည်းကောင်း၊ဘားအံမြို့နယ် သံလှယ်ကျေးရွာ ကွင်းအမှတ် (၁၃၂၃)၌ တောင်သူ ဦးဘဟိန်း၏ နွေစပါးစိုက်ခင်းတွင် စပါးစိုက်ပျိုးနေမှုကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၅မိုင် ၇ဖာလုံနှင့် ၆ဖာလုံကြား၌ ကျောက်ချောလမ်းအား လမ်းကြိတ်စက်ဖြင့် ကြိတ်ခွဲနေမှုနှင့် ခရားပြင် အုတ်ခုံခံကွန်ကရစ်တံတား တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယန္တရားများအရည်အသွေးကောင်းမွန်အောင် ထုတ်လုပ် ပြည်ပမှတင်သွင်းမှု ရာခိုင်နှုန်းလျှော့ချနိုင်ရေးဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၇

**အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရမြို့ သာဂရစက်မှုနယ်မြေရှိ စက်မှုသင်တန်းကျောင်း(သာဂရ)၏ စာသင်ဆောင်များ၊ လက်တွေ့သင်ကြားရေးဆောင်များ၊ ပင်မအဆောင်နှင့်စုဝေးခန်းမတို့၏ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ သင်တန်းကျောင်းအတွင်းရှိ လမ်းများဆောင်ရွက်ပြီးစီးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ စီမံကိန်းကို ၂၀၀၉ခုနှစ် ဇန်နဝါရီလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။**

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှု စက်ရုံ၏ Machine အလုပ်ရုံ၊ Metal Machining & Assemblyအလုပ်ရုံ၊Rivet Welding အလုပ်ရုံနှင့် Punching & Heat Treatment အလုပ်ရုံများ၏ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ၏ Machine Shop (1), Machine Shop (2). Assembly Shop နှင့် Heat Treatment Shop တို့၏ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

## အရည်အသွေး

ထို့နောက် မြေထိုးမြေတူးယန္တရားထုတ်လုပ်မှုစက်ရုံတွင် မြေထိုးစက်နှင့် မြေတူးစက်များ တပ်ဆင်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ယန္တရားများ အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်ရေး၊ CKD Parts များ ပြည်ပမှတင်သွင်းမှု ရာခိုင်နှုန်းကို လျှော့ချနိုင်ရေးဆောင်ရွက်ရန်နှင့်အခြားစက်ရုံများအတွက် လိုအပ်သော စက်အစိတ်အပိုင်းများကိုလည်း မိမိစက်ရုံ၏ Machine Facility အပေါ်မူတည်ပြီး ထုတ်လုပ်သွားရေး ဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# ဥပဒေဘွဲ့ရ ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၁၉၈၂ခုနှစ်မှ ၁၉၈၈-၈၉ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ဥပဒေဘွဲ့ရ ကျောင်းသားကျောင်းသူများ၏ ၂၀၀၈ခုနှစ် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ကျင်းပရာ ရှေးဦးစွာကန်တော့ခံ ဆရာ ဆရာမကြီး ၅၁ဦးတို့အား ရတုပိုဒ်စုံဖြင့် သီဆိုပူဇော်ပြီး ငွေသားနှင့် ကန်တော့ပစ္စည်းတို့ဖြင့် ကန်တော့ကြသည်။

## ဆုံးမဩဝါဒ

ထို့နောက် ကန်တော့ခံ ဆရာ ဆရာမကြီးများကိုယ်စား တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေးနှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တက္ကသိုလ်ဥပဒေပညာဌာန ပါမောက္ခ (အငြိမ်းစား) ဒေါက်တာဒေါ်သန်းနွဲ့တို့က ဆုံးမဩဝါဒစကား ပြောကြားကြပြီး အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေ **(အောက်ပုံ)** က ကျေးဇူးတင်စကား ပြောကြား၍ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး တရားရုံးချုပ်မှ ဦးစီးအရာရှိ ဒေါ်မေထွန်းထွန်းအေးက ဘဏ္ဍာငွေရရှိ/သုံးစွဲမှုအခြေအနေကို ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မိတ်ဆုံစားပွဲဖြင့် တည်ခင်းဧည့်ခံ၍ ဥပဒေဘွဲ့ရ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး ကံစမ်းမဲနှိုက်ကြသည်။

## စိုက်ထူသွားမည်

ဥပဒေဘွဲ့ရကျောင်းသားကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၃ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ လည်းကောင်း၊ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ လည်းကောင်း၊ ယခုနှစ် တတိယအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် တက္ကသိုလ်များ ဓမ္မာရုံ၌လည်းကောင်း ကျင်းပခဲ့ပြီး ကန်တော့ခံ ဆရာ ဆရာမကြီးများအတွက်ဆေးဝါးကုသမှုနှင့်ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် ယခုနှစ်မှစတင်၍ သီးခြား ထည့်ဝင်ငွေဖြင့် ဆေးပဒေသာပင် စိုက်ထူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မြောင်းမြမြို့နယ်၌ ကျေးလက်လမ်း ကျောက်ချောခင်း

**မြောင်းမြ ဒီဇင်ဘာ ၂၇**

မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်နေ ပြည်သူများသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် စန်းချောင်းကျေးရွာအဝင် လမ်းအရှည်ပေ၆၅၀၀အား ကျောက်ချောခင်းရန် မြေညှိစက်ဖြင့် လမ်းမျက်နှာပြင် မြေညှိခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၇ရက်က လက်ထောက်အင်ဂျင်နီယာ ဦးလှဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်ဇော်တို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

# ကျောက်ချောလမ်း ဆောင်ရွက်မှုစစ်ဆေး

**ရွှေကူ ဒီဇင်ဘာ ၂၇**

ရွှေကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း လုပ်ငန်းဖြင့် ဆောင်ရွက်သော အမှတ်(၁) ရပ်ကွက် သရဖီ ကျောက်ချောလမ်းဆောင်ရွက်နေမှုကို နိုဝင်ဘာ၂၉ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီ စစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းနိုင်နှင့်အငယ်တန်းအင်ဂျင်နီယာ (၂) ဦးဝင်းကျော်ကျော်တို့က ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# မြန်မာနိုင်ငံဆရာဝန်အသင်း ညီလာခံတက်ရောက်မည့် ဆရာဝန်များ မှတ်ပုံတင်နိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံဆရာဝန်အသင်း (၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၄ရက်မှ ၂၀ရက်အထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမတွင် ကျင်းပမည်ဖြစ်ပြီး ယင်းညီလာခံသို့ တက်ရောက်မည့် ဆရာဝန်များသည် ဇန်နဝါရီ၁၀ရက်မှစ၍ အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းတွင် ရုံးချိန်အတွင်း မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကလိုင်း-ကနိုင်လမ်း ကတ္တရာခင်း

**ကျိုက်မရော ဒီဇင်ဘာ ၂၇**

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ကလိုင်း-ကနိုင်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို နိုဝင်ဘာ၃ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။**(မြို့နယ်စည်ပင်)**

■ *ကျောဖုံးမှ*

မန္တလေးတိုင်း ရမည်းသင်းခရိုင်အတွင်းပါဝင်သော ပျော်ဘွယ်မြို့နယ်သည် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ် ဖွင့်လှစ်ခဲ့ပြီးနောက် ကုန်စည်စီးဆင်းမှုအတွက် အချက်အချာကျသောရထားလမ်းဆုံမြို့ဖြစ်လာသည်။ ယခုအခါ ပျော်ဘွယ်မှ ရွှေညောင်နှင့် လှိုင်ကော်မြို့များသို့ ရထားခရီးစဉ်ဖြင့် တိုက်ရိုက်သွားနိုင်ကြပြီဖြစ်သည်။

ပျော်ဘွယ်မြို့နယ်၏ အရှေ့ဘက်တွင်ကလောမြို့နယ်၊အနောက်ဘက်တွင် နတ်မောက်မြို့နယ်၊ မြောက်ဘက်တွင် မိတ္ထီလာမြို့နယ်၊ တောင်ဘက်တွင်ရမည်းသင်းမြို့နယ်တို့ရှိရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရနေပြီဖြစ်သည်။ ယခုအခါ မြန်မာ့မီးရထားက ခရီးမိုင် ၉၅ မိုင် ရှည်လျားသည့် ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းသစ်ကိုဖောက်လုပ်လျက်ရှိသည်။

ကိုယ့်အားကိုယ်ကိုး တည်ဆောက်လျက်ရှိသည့် ပျော်ဘွယ်မြို့နယ် ကျီရွာကျေးရွာအုပ်စုမှ ကျီရွာ အခြေခံပညာမူလတန်းကျောင်းကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

## ရထားလမ်းဆုံ

မကြာမီကာလတွင် ပျော်ဘွယ်မြို့သည် နေပြည်တော်၊ မန္တလေး၊ နတ်မောက်၊ မကွေး၊ ရွှေညောင်၊ လှိုင်ကော်တို့သို့ ကားလမ်း ခရီးရော၊ ရထားလမ်းခရီးပါ တိုက်ရိုက်သွားနိုင်သည့် ကားလမ်းဆုံ၊ ရထားလမ်းဆုံမြို့ ဖြစ်လာတော့မည်ဖြစ်သည်။ ပျော်ဘွယ်မြို့ သက်တမ်းနှစ်၂၀၀အတွင်းသို့ ချဉ်းကပ်လာချိန်တွင် မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းလာပြီး လူမှုရေး၊စီးပွားရေး၊ပညာရေးအာဘက်ဘက်မှ တိုးတက်လျက်ရှိသည်။

## လယ်မြေဧက

ပျော်ဘွယ်မြို့နယ်၏ မြေယာတည်ရှိမှု အခြေအနေမှာ(လယ်မြေ) ၉၇၂၉၇ဧကရှိသည့်အနက်ဆည်ရေသောက်စပါးစိုက်ပျိုးနိုင်သည့် လယ်မြေဧက၂၀၃၃၀၊ မိုးကောင်းသောက်စပါး စိုက်ပျိုးနိုင်သည့် လယ်မြေဧက၄၇၆၈၀နှင့်အခြားသီးနှံ စိုက်ပျိုးနိုင်သည့် လယ်မြေ ၂၉၂၈၇ဧကတို့ဖြစ်သည်။

ယာမြေ ၁၃၇၀၅၄ဧကရှိသည့်အနက် ဆည်ရေသောက်ယာမြေ ၁၇၄၄ ဧက၊ အခြားသီးနှံစိုက်ပျိုးနိုင်သည့်ယာမြေ ၁၃၂၁၃၁ ဧကနှင့် စိုက်ပျိုးရန်ခက်ခဲသည့် မြေ ၃၁၇၉ ဧကတို့ဖြစ်သည်။ ထို့အပြင် ဥယျာဉ်မြေ၂၅၃ဧက၊မြေရိုင်းဧက ၁၀၈၇၀၊ သစ်တောဧရိယာ ၁၀၅၃၂၂ဧက နှင့် မစိုက်ပျိုးနိုင်သည့်မြေ ၅၇၈၀၉ဧကတို့ ဖြစ်သည်။ ပျော်ဘွယ်မြို့နယ်တွင် အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးရာ စပါး၊ ဝါ၊ ကြံ၊ မြေပဲ၊နှမ်း၊ နေကြာ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲနှင့် အစေ့ထုတ်ပြောင်းတို့ ဖြစ်သည်။

ပျော်ဘွယ်မြို့နယ်သည် မိုးနည်းရပ်ဝန်းဒေသတစ်ခုဖြစ်ပြီး တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် လက်မ ၃၂ ဒသမ၂၂လက်မသာ ရွာသွန်းသည်။ သစ်ပင်ကြီးများ အနေဖြင့် ကန္တာရပင်၊ ဆူးရစ်ပင်၊ ထနောင်းပင်နှင့် ဆီးပင်တို့သာ ပေါက်ရောက်သည်။ သို့ဖြစ်ရာ စိုက်ပျိုးရေးအတွက် ဆည်ရေကို အဓိက အားထားကြရသည်။ ပျော်ဘွယ်မြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် သစ်ဆုံဆည်၊ ကျောက်ဆည်ကန်၊ ချောင်းမကြီးဆည်၊ ရိုးကြီးဆည်၊ ချောင်းကောက်ဆည်၊ ယင်းတော်ကန်၊ ငန့်ဇင်းကန်၊ မင်းသားကြီးဆည်၊သဖန်းချောင်းဆည်နှင့် ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသည့်ဆည်များနှင့် ကန်ချောင်းများကို အမှီပြု၍ စိုက်ပျိုးကြသည်။

## ရိုးကြီးဆည်

ပျော်ဘွယ်မြို့နယ် အတွင်း ကျေးလက်ဒေသ ရေရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ရာတွင် ရိုးကြီးချောင်းကန်ပေါင် ပြုလုပ်ခြင်း၊ မြောက်ညောင်ကုန်းကန်ပေါင် ပြုပြင်ခြင်း၊ ချောင်းကောက် တိုးချဲ့တူးမြောင်း တူးဖော်ခြင်းနှင့် ရိုးကြီးဆည် ရေပေးမြောင်းတူးဖော်ခြင်းတို့ ပါဝင်သည်။

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် ကိုယ့်အား ကိုယ်ကိုးလမ်းများ ဖောက်လုပ်ပြုပြင်မှုအနေဖြင့်ပျော်ဘွယ်-ကျောက်ဆည်လမ်း (ဇဂျမ်းတောင်အပိုင်း)၊ ရန်ကုန်-မန္တလေးလမ်းနှင့် ကျီနီရွာဆက်သွယ်သည့်လမ်း၊ ယင်းတော်-ကျီရွာလမ်း၊ တိမ်းတည်- ဧကရာဇ်ကုန်းလမ်း၊ ပျော်ဘွယ်-ဘုရားငါးဆူဘုရားလမ်းပေါ်ရှိ လင့်စင်ကုန်းဘူတာနှင့် လင့်စင်ကုန်းရွာ ဆက်သွယ်သည့်လမ်း၊ ရန်ကုန်-မန္တလေးလမ်းနှင့် ပျော်ကုန်းရွာ ဆက်သွယ်သည့်လမ်း၊ ပျော်ကုန်း-မြောက်ညောင်ကုန်းလမ်း၊ သပြေရိုး -ကြို့ကုန်းလမ်း၊ သီးကုန်း-မင်းရွာလမ်း၊ ယင်းတော်-ဖျင်ဇင်း

ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သည့် ပျော်ဘွယ်မြို့နယ် ဧကရာဇ်ကုန်းကျေးရွာနှင့် ဖောင်ချမ်းကုန်းကျေးရွာတို့ကို ဆက်သွယ်သော ဧကရာဇ်ကုန်းတံတားကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

လမ်း၊ ပေါ်အင်း တောကျောင်းလမ်း၊ ပျော်ဘွယ်-နတ်မောက်လမ်းနှင့် ရှားပင်လှရွာ ဆက်သွယ်သည့် လမ်းတို့ဖြစ်သည်။

## ကျေးလက်တံတား

ကျေးလက်တံတားများ ကိုယ့်အားကိုယ်ကိုး ပြုပြင်ဆောက်လုပ်ပေးနိုင်မှုအနေဖြင့် ဧကရာဇ်ကုန်းတံတား၊ သပြေရိုး- မင်းရွာတံတား၊ ရှားပင်လှတံတား(၁)နှင့် (၂)၊ ကန်ပြားတံတား၊ ကန်သာတံတား၊ဂွေးဇီးတံတား၊မယ်ဇလီအိုင်တံတား၊ ဈေ့ချောင်းတံတားနှင့် ရေလည်ကွေ့-ထရံကာ တံတားတို့ဖြစ်သည်။

ကျေးလက်ဒေသပညာရေးတိုးတက်မြင့်မားရေးအတွက်ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ရာတွင် ထန်းပင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၊လျှော်ဖြူကုန်း(အနောက်)ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)၊ တောင်ညောင်ကုန်း ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရွာသာကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် ကျီရွာ အခြေခံပညာမူလတန်းကျောင်း တည်ဆောက်ပြုပြင်ခြင်းတို့ ပါဝင်သည်။

## ကိုယ့်အားကိုယ်ကိုး

ကျေးလက်ဒေသ ကျန်းမာရေး တိုးတက်ကောင်းမွန်ရေးအတွက် ကျီနီကျေးရွာဆေးပေးခန်းနှင့် လျှော်ဖြူကုန်း(အနောက်) ကျေးရွာဆေးပေးခန်းတို့ကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

ပျော်ဘွယ်မြို့နယ်အတွင်း ဆောင်ရွက်ခဲ့သောဖော်ပြပါကိုယ့်အားကိုယ်ကိုး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်၏ မတည်ထည့်ဝင်ငွေမပါဘဲဒေသခံပြည်သူများနှင့်စေတနာရှင် အလှူရှင်များ၏ စုပေါင်းထည့်ဝင်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဧကရာဇ်ကုန်းကျေးရွာနှင့် ဖောင်ချမ်းကုန်းကျေးရွာ ဆက်သွယ်သည့် တိမ်းတည်-ဧကရာဇ်ကုန်း လမ်းပေါ်တွင်ရှိသော ဧကရာဇ်ကုန်းတံတား တည်ဆောက်ခဲ့ရာတွင် ယခင်က ဧကရာဇ်ကုန်း ကျေးရွာသားတစ်ဦးဖြစ်ခဲ့သော ဦးမောင်မောင်မြင့်နှင့် ဒေါ်အေးအေးတင့်(ရန်ကုန်-မန္တလေး၊ ကောင်းမြတ်ကုမ္ပဏီ) မိသားစုတို့၏ လှူဒါန်းငွေကျပ်သိန်း ၁၀၀ ဖြင့် မြို့မိမြို့ဖတစ်ဦးဖြစ်သော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငြိမ်းစားယူခဲ့သူ အင်ဂျင်နီယာ ဦးတင်ဦးက အခကြေးငွေမယူဘဲအတတ်ပညာဖြင့်တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ဧကရာဇ်ကုန်းတံတားသည်ချောင်းကောက်ချောင်း၊ မြင်းကျချောင်းနှင့် သူရဲချောင်းတို့မှ စုပေါင်းစီးဝင်သော ချောင်းပေါ်တွင်တည်ဆောက်ထားခြင်းဖြစ်သည်။ ရေစီးသန်သောကြောင့် ကွန်ကရစ် အမျိုးအစား အလျားပေ ၄၀၊ အနံ ၁၈ပေ တည်ဆောက်ခဲ့ရပြီး ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

## ဧကရာဇ်ကုန်းတံတား

ဧကရာဇ်ကုန်းတံတားကို တာဝန်ယူ တည်ဆောက်ခဲ့သူ ဦးတင်ဦး (AE အငြိမ်းစား)က **“ချောင်းသုံးချောင်းက ရေတွေ စုပေါင်းစီးဆင်းတာဖြစ်တဲ့အတွက် ရေသွားနှုန်းကို တွက်ချက်စဉ်းစားပြီး အလှူရှင်လည်း စိတ်ကျေနပ်မှုရအောင် စီမံဆောက်လုပ်ခဲ့တာပါ။ ဒီတံတားမရှိခင်ကဆိုရင် ဒေသခံရွာသူ၊ရွာသားတွေ ပေါင်လယ်လောက်ရှိတဲ့ရေထဲကဖြတ်ပြီး သွားကြရတာပါ”** ဟု ပြောပြသည်။

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းငွေးကလည်း **“အရင်ကဒီရွာမှာ သစ်သားတံတားဟောင်းကြီးတစ်ခုရှိခဲ့ပေမယ့် ပျက်စီးနေတာကြောင့် သွားလာလို့မရဘဲဖြစ်နေပါတယ်။ ဒါကြောင့် တံတားသစ်တစ်စင်း အခိုင်အမာဖြစ်စေချင်ကြတဲ့ရွာသူရွာသားတွေနဲ့ အလှူရှင် ကိုမောင်မောင်မြင့်တို့ ဆက်သွယ်မိကြပြီး ကိုမောင်မောင်မြင့်ကလည်း သူ့ရဲ့ဇာတိရွာကို ကျေးဇူးဆပ်ချင်တယ်ဆိုတာနဲ့ ကျွန်တော်တို့က အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြတာပါ”** ဟု ပြောကြားသည်။

ကျီရွာ အခြေခံပညာ မူလတန်းကျောင်းဖြစ်မြောက်ရေးအတွက်လည်း ကျီရွာ၊ ရွာသစ်နှင့် ကွမ်းခြံကုန်းကျေးရွာတို့မှ ရွာသူရွာသားများက အလှူငွေများ ထည့်ဝင်ခဲ့ကြပြီး ကိုယ့်အား ကိုယ်ကိုး တည်ဆောက်နေခြင်းဖြစ်သည်။ ကျီရွာ၊ ရွာသစ်နှင့် ကွမ်းခြံကုန်းရွာ သုံးရွာရှိရာတွင် ယခင်က စာသင်ကျောင်း မရှိခဲ့၍ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ပင် ပညာသင်ကြားခဲ့ကြရသည်။ လက်ရှိတွင် ကျောင်းအုပ်အပါအဝင် ဆရာ အင်အား လေးဦး၊ ကျောင်းသားကျောင်းသူ ၁၆၃ဦးတို့ ပညာသင်ကြားလျက်ရှိရာ ၂၀၀၉ခုနှစ် ပညာသင်နှစ်တွင် ကျီရွာ အခြေခံပညာ မူလတန်းကျောင်း၌ ပညာသင်ကြားခွင့်ရရှိကြတော့မည် ဖြစ်သည်။

## အလှူငွေ

ကျီရွာအုပ်စုကျီရွာအခြေခံပညာမူလတန်းကျောင်းသည် အုတ်စီအုတ်ပတ်ကား RCတစ်ထပ်ဖြစ်ပြီး အလျား ပေ၂၄၀၊ အနံပေ၃၀ ကျယ်ဝန်းပြီး ငွေကျပ်သိန်း ၃၀၀ အကုန်အကျခံ၍ တည်ဆောက်နေခြင်းဖြစ်သည်။ ကျီရွာမှ အသက် ၇၁နှစ်ကျော်ပြီဖြစ်သော ရပ်မိရပ်ဖဖြစ်သူ အဘ ဦးထီသည် ကျီရွာအခြေခံပညာ မူလတန်းကျောင်းဖြစ်မြောက်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀ ထည့်ဝင်ခဲ့သည်။

အဘဦးထီက **“အဘကတော့ နေ့တိုင်းလိုလို ကျောင်းဆောက်လုပ်နေတာနဲ့ ယင်းတော်-ကျီရွာလမ်း ပြုပြင်နေမှုတွေကိုကြည့်ပြီး ဝမ်းသာနေမိပါတယ်။ အဘတစ်သက်မှာ အခုလို မြင်တွေ့ရမယ်လို့ မထင်ခဲ့မိပါဘူး။ အခုတော့ လမ်းတွေဖြောင့်ဖြူး ညီညာလာပြီး ကျောင်းဆောင်ကြီး တစ်နေ့တခြား ရုပ်လုံးပေါ်လာတာကိုမြင်ရလို့ပီတိဖြစ်ရတာလည်း ကုသိုလ်တစ်မျိုးပါပဲ”** ဟု ရင်တွင်းခံစားချက်ကို ပြောပြသည်။

## အသီးအပွင့်

ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစန်းငွေးနှင့်မြို့မိမြို့ဖတစ်ဦးဖြစ်သူဦးတင်ဦး (AE- အငြိမ်းစား) တို့၏ ဦးဆောင်စည်းရုံးမှု၊ လူမှုရေးအသင်းအဖွဲ့များ၏ကူညီမှု၊ စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုနှင့် ဒေသခံ ပြည်သူများ၏ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်မှုတို့ဖြင့် ပျော်ဘွယ်မြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်မှုရရှိကာ ဒေသခံပြည်သူများ အသီးအပွင့်ခံစားရနေပြီဖြစ်ကြောင်းဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**



ကျေးလက်ဒေသ ရေရရှိရေးအတွက် ကိုယ့်အားကိုယ်ကိုး ပြုပြင်ခဲ့သည့် ပျော်ဘွယ်မြို့နယ် ပျော်ကုန်းကျေးရွာအနီးမှ ရိုးကြီးချောင်းကန်ပေါင်ကို ဤသို့တွေ့ရသည်။ (သတင်းစဉ်)

---

## မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဒီဇင်ဘာ ၂၇

### သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲ

*လူမှုဝန်ထမ်းဦးစီးဌာနက ဦးစီးကျင်းပသော သက်ကြီးရွယ်အိုများ အိမ်တိုင်ရာရောက် စောင့်ရှောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ဒုတိယပတ်အတွင်း ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(I.B.C)၌ ကျင်းပမည်ဖြစ်သည်။*

### ဆေးတက္ကသိုလ် (၂)ရန်ကုန် အာစရိယပူဇော်ပွဲ

*ဆေးတက္ကသိုလ်(၂) ရန်ကုန်၌ ၁၉၈၂-၈၃-၈၄ခုနှစ် နိုဝင်ဘာတွင် ပထမနှစ် စတင်သင်ကြားခဲ့သော သူငယ်ချင်းများ စုပေါင်း၍ အာစရိယ ပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီး Dolphin Restaurant ၌ ကျင်းပမည်ဖြစ်သည်။*

### ပညာ့ရိပ်သာ စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

*အခြေခံပညာ အဋ္ဌမတန်း၊ နဝမတန်းကျောင်းသားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသော EC ပညာ့ရိပ်သာ၏ (၁၁)နှစ်ပြည့်အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက် (စနေနေ့) နံနက် ၉နာရီတွင် အမှတ် ၁၇(အေ) ပဥ္စမထပ်(၅၀၂) နဝဒေးလမ်း ဒဂုံမြို့နယ်၌ ဖြေဆိုရမည်ဖြစ်သည်။အသေးစိတ်ကို ဖုန်း-၅၄၈၉၄၀ သို့ စုံစမ်းနိုင်ကြောင်းသိရသည်။*

### ပြောင်းဖူးစေ့တန်ချိန် နှစ်သိန်း တရုတ်သို့တင်ပို့မည်

*တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးအဖြစ်ဒီဇင်ဘာ၁၇ရက်မှ၁၉ရက်အထိ မူဆယ်၁၀၅မိုင်၌ ပြုလုပ်ခဲ့သော ကုန်စည်ပြပွဲ၏ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးမှ မြန်မာ့ထွက်ကုန် ပြောင်းဖူးစေ့တန်ချိန်နှစ်သိန်းကို ပြည်ပပို့ကုန်အဖြစ် တရုတ်နိုင်ငံသို့ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း တင်ပို့မည်ဖြစ်ကြောင်း သိရသည်။*

### ရွှေချည်ထိုးပြက္ခဒိန် ထိုင်းသို့ တင်ပို့ရောင်းချ

*မြန်မာ့ယဉ်ကျေးမှုလက်ရာတစ်ခုဖြစ်သော ရွှေချည်ထိုးပြက္ခဒိန်များကို ထိုင်းနိုင်ငံမှ ကြိုက်နှစ်သက်မှုကြောင့် နိုဝင်ဘာလအတွင်းက အဆိုပါ ရွှေချည်ထိုးပြက္ခဒိန်များကို မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ်နယ်စပ်စခန်းမှ ခုရေ ၇၀၀၀ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။*

### အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းဖွင့်မည်

*နိုင်ငံခြားရေးဝန်ကြီးဌာနမှ အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂၀)ကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၁၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကာလ၁၂ပတ်ဖြစ်ပြီး စိတ်ဝင်စားသူများ ဖုန်း-၂၂၁၅၃၁ သို့ ဆက်သွယ်နိုင်သည်။*

### ရုပ်ရှင်သရုပ်ဆောင်နှင့် အတတ်ပညာသင်တန်းဖွင့်မည်

*မြန်မာ့ရုပ်ရှင်လောက တိုးတက်စေရန်နှင့် သရုပ်ဆောင်သစ်များ ပေါ်ထွက်လာစေရန်အတွက် အနုပညာဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သော စတူဒီယို-၃၅ မှ ဦးစီး၍ ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင်နှင့် အတတ်ပညာသင်တန်းအမှတ်စဉ်(၁)ကို ၂၀၀၉ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်မည်ဖြစ်ရာ အနုပညာဝါသနာပါသူတိုင်း ဖုန်း-၅၄၁၁၆၇သို့ စုံစမ်းနိုင်သည်။*

### မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲများ

*မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲ၊နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် စာတမ်းဖတ်ပွဲများကို ၂၀၀၉ခုနှစ် ဇန်နဝါရီ၈ရက်မှ ၁၀ရက်အထိ သုံးရက်တိုင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ တက္ကသိုလ်များ(လှိုင်နယ်မြေ)၌ ကျင်းပမည်ဖြစ်သည်။*

### မြန်မာဂိမ်းမားစ်ကလပ်မှ ဂိမ်းပြိုင်ပွဲကျင်းပမည်

*မြန်မာလူငယ်များ IT နည်းပညာ စိတ်ဝင်စားစေရန်နှင့် ဉာဏ်ပညာ ဖွံ့ဖြိုးစေရန်အတွက် မြန်မာဂိမ်းမားစ်ကလပ်မှ ဦးစီး၍ ၂၀၀၉ခုနှစ် ဇန်နဝါရီလအတွင်း ဂိမ်းပြိုင်ပွဲတစ်ခု ကျင်းပမည်ဖြစ်ပြီး အသင်းပေါင်း၄၀ ပါဝင်မည်ဖြစ်သည်။ အဆိုပါဂိမ်းပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်၌ ကျင်းပမည်ဖြစ်သည်။*

### မြန်မာ့သိုင်းပညာ အခမဲ့သင်ကြားပေးမည်

*မြန်မာ့ရိုးရာ ကိုယ်ခံပညာ မြန်မာ့သိုင်းကို လူငယ်များ စိတ်ဝင်တစားသင်ယူနိုင်စေရန်အတွက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ သင်တန်းများ ဖွင့်လှစ်၍ အခမဲ့သင်ကြားပေးမည်ဖြစ်သည်။ မည်သည့်ဒေသမှဖြစ်စေ သင်ယူလိုပါက ရန်ကုန်မြို့ သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးစခန်း ဖုန်း- ၀၁-၅၈၀၇၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)*

စုစည်းရေးသားသူ-ဝင်းကျော်

# ဆောင်းအလှပန်းချီ

တစ်မိုးနှောင်း၍ တစ်ဆောင်းသစ်ခဲ့ပေပြီ။ မုတ်သုံလေသည် မိုးစက်မိုးပွင့်တို့ကို သယ်ဆောင်ဆုတ်ခွာသွားခဲ့ပြီး မြောက်ပြန်လေအေးသည် ဆောင်းနှင်းဖွေးဖွေးတို့ကို သယ်ဆောင်ဝင်ရောက်လာခဲ့လေပြီ။ မြောက်လေကသွေး ဆောင်းအအေးနှင့် နှင်းမှုန်ဖွေးဖွေးတို့ကား ဆောင်းရာသီ၏ ပြယုဂ်များပင်ဖြစ်သည်။ ဆောင်းကာလသည် မြန်မာနိုင်ငံ၏ ရာသီစက်ဝန်းတွင် တတိယမြောက်ကာလ ဖြစ်သည်။ မြန်မာပြက္ခဒိန်တွင် တန်ဆောင်မုန်းလမှ တပို့တွဲလအထိ ဖြစ်ပြီး အင်္ဂလိပ်လအနေဖြင့် အောက်တိုဘာလလယ်မှ ဖေဖော်ဝါရီလလယ်အထိ ဖြစ်သည်။ မိုးနှင့်နွေကြားတွင် ကျရောက်သော ရာသီဖြစ်သည်။

နံနက်ခင်းပြတင်းမှ တိုးဝင်လာသော ဆောင်းလေအေးအေးများနှင့် ကောင်းကင်တစ်ခွင်လုံး ပိတ်ဖုံးနေသော နှင်းမြူများကြောင့် ဆောင်းနံနက်သည် ဆွတ်ပျံ့ဖွယ်ပင် ဖြစ်သည်။ နှင်းရည်သောက်ကာ လန်းစွင့်နေကြသော သစ်ပင်ပန်းမန်များနှင့် မြက်ခင်း စိမ်းစိုစိုများကလည်း စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ။ ဆောင်းရာသီ၏ ရာသီပန်းများဖြစ်သော ခဝဲ၊ ခွာညို၊ ပေါက်လဲပန်းတို့ကလည်း ရနံ့သင်းထုံစွာဖူးပွင့်နေကြပြီး လေပြည်အနော့တွင် ချစ်စဖွယ်ရနံ့များ မွှေးပျံ့နေလေပြီ။ "မြေနှင့်ရန်ဘက်၊ ခက်လက်စိမ်းမြ၊ မိုးမခ" သည့် သဇင်တော်ဝင်တို့ ယဉ်သည့်ကာလလည်း ဖြစ်သည်။

ခေတ်အဆက်ဆက်တွင် ဆောင်းနှင့် နှင်းကို ရည်စူးဖွဲ့နွဲ့ထားသည့် တေးသီချင်းများ၊ ကဗျာလင်္ကာများလည်း များစွာရှိခဲ့ပါသည်။ ဆောင်းရာသီ၏ ချမ်းအေးပုံကို အချုပ်တန်း ဆရာဖေက "ယမ်းယောင်ကာတလျက် ညည်းမိတော့၊ သန်းခေါင်မှာ မြကြက်သီးတွေက၊ တဖီးဖီးပျံ့လို့ ငယ်အုံ၊ ဗျာဆုံတဲ့ရာသီပဲ" ဟူ၍တစ်မျိုး၊ လက်ဝဲသုန္ဒရအမတ်ကြီးက "ရထားယာဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍၊ မွန်းတည့်ချိန်နေ ရောက်လွယ်စေ" ဟူ၍တစ်ဖုံ ခံစားမှုအစုံနှင့် ဖွဲ့နွဲ့ခဲ့ကြသည်။

ဆောင်းရာသီသည် ဝေးနေရသည့်ကြင်ဖော်ကို မျှော်ကာတမိသည့် ရာသီလည်း ဖြစ်သည်။ "အလွန်အေးတဲ့ရာသီ×××အလွန်ချမ်းတဲ့ရာသီ××× မယ်တစ်ရွာ မောင်တစ်မြို့ ဖြင့်××× နေလို့လည်းမဖြစ်နိုင်ပါပြီ"၊ "ငွေနှင်းမှုန်မှုန်××× သုန်သုန်လေမြူး××× ဟေမန်ဦး××× ကူးခဲ့ပြီ" စသည့် တေးသီချင်းစာသားများကို ငွေနှင်းမှုန်များကြား အလွမ်းဓာတ်နှင့် အလွမ်းဓာတ်ရှိသူများ တီးတိုးဆိုညည်းရသည့်ကာလလည်း ဖြစ်ပေသည်။

ဆောင်းဟေမန်ကာလ၏ အလွမ်းကို "သဇင်သင်းပါတဲ့ ခင်းပြန့်ပေါ်၊ လာနိုးငယ် မယ်မျှော်လို့၊ တစ်ကိုယ်တော်ထူး၊ ထွေရာစိတ်ကူးပါလို့ ဖူးရွှေလက်တင်" ဟူ၍ "စိန်ခြူးကြာညောင်" ဘောလယ်တွင် လှိုင်ထိပ်ခေါင်တင်က စာပန်းချီခြယ်ခဲ့ပေသည်။

ထိုကာလတွင် စပါးပင်များကလည်း မှည့်ဝင်းကိုင်းညွတ်၍ မြင်လေသမျှဝါရွှေသော အဆင်းကို ဆောင်နေပေပြီ။ ရိတ်သိမ်းပြီးသော စပါးပုံများကလည်း ရွှေတောင်ကြီးများသဖွယ်ပင်။ ယခုရာသီတွင် ကျေးဇူးရှင်တောင်သူဦးကြီးများအနေဖြင့် တစ်မိုးတွင်းလုံး ကြိုးစားခဲ့သမျှ ဆွတ်ခူးရိတ်သိမ်းပြီး ငွေရွှင်ကြေးရွှင်သည့်ကာလသို့ ရောက်ခဲ့လေပြီ။ သီးနှံမှည့်ဝင်းချိန်၊ အလုပ်နားချိန်မို့ မြန်မာပြည်ဝယ် ပွဲလမ်းသဘင်တို့ စည်ကားလာသည်။ မြန်မာမင်းများလက်ထက်ကပင် အဓိကပွဲလမ်းသဘင်များကို ဆောင်းဥတု၌ ဆင်နွှဲကြသည်။ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မသိုးသင်္ကန်းကပ်လှူပွဲကား စည်ကားသည်မှာ ရှေးခေတ်မှ ယနေ့တိုင်ဖြစ်လေသည်။

ဟေမန္တ၏ နတ်တော်လအချိန်အခါတွင် နတ်ပွဲသဘင်များ ဆင်ယင်ခဲ့သည်။ ယခုခေတ်၌ကား စာဆိုတော်ပွဲတို့ အစားထိုးဝင်ရောက်လာပါသည်။ စာဆိုတော်ပွဲများကို မြန်မာ့ရိုးရာအဖြစ် နှစ်စဉ်မပျက်ကျင်းပခဲ့သည်။ နတ်တော်လဆန်း ၁ရက်နေ့ကို စာဆိုတော်နေ့ဟု သတ်မှတ်ကြသည်။ ထူးချွန်စာပေပညာရှင်များကို ရွေးချယ်၍ စာပေဆုနှင်းသဘင်ပွဲများကိုလည်း ကျင်းပကြသည်။ ပြာသိုလသည်ကား မြန်မာမင်းများ အဓိကအားထားသော လဖြစ်သည်။ ပြာသိုလတွင် မြင်းခင်းသဘင်ပွဲခေါ် သူရဲကောင်းရွေးပွဲများ ကျင်းပကြပါသည်။

ဆောင်းရာသီ၏ ချမ်းအေးမှုဒဏ်ကို အန်တုဖက်ပြိုင် ကြွံကြွံခံလျက် တက်ညီလက်ညီ ချွေးတရွှဲရွှဲနှင့် ကျင်းပသောပွဲတော်မှာ ထမနဲပွဲဖြစ်သည်။ ထမနဲပွဲကို နှစ်စဉ်တပို့တွဲလရောက်တိုင်း မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် ကျင်းပလေ့ရှိသည်။ တောင်သူလယ်သမားများသည် ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးချိန်ဖြစ်သည့်အတွက် ထမနဲထိုးရာတွင် အဓိက လိုအပ်သည့် ကောက်ညှင်းဆန်၊ မြေပဲ၊ နှမ်းအစရှိသည်တို့ ပေါများသောအချိန်ဖြစ်သည်။ မိမိတို့လယ်ယာမှထွက်ရှိသော ကောက်ညှင်းစပါးကို အဦးအဖျား ထမနဲထိုးကာ အလှူဒါနပြုကြ၏။

## ရှင်းသန့်ချို

ချမ်းအေးသည့်ဒဏ်ကို စောင်ခြုံ၍ကွေးမနေဘဲ မြိုင်မြိုင်ဆိုင်ဆိုင်နှင့် စည်းလုံးစွာဆင်နွှဲကြသည့် ထမနဲပွဲများမှာ အားတက်ဖွယ်ပင်ဖြစ်သည်။ ထမနဲပွဲကျင်းပရာတွင် အချို့ဒေသများ၌ အဖွဲ့များခွဲကာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင် ထမနဲထိုးကြသည်။ မြန်မာတို့၏ စုပေါင်းပါဝင်တတ်သော စိတ်ဓာတ်၊ ဝိုင်းဝန်းကူညီတတ်သော စိတ်ဓာတ်များကို ထမနဲပွဲတွင် အထင်းသားတွေ့မြင်ရပါသည်။ ထို့နောက် ထမနဲများကို ဘုရား၊ ရဟန်းသံဃာများအား ကပ်လှူခြင်း၊ သက်ကြီးဝါကြီးများအား လှူဒါန်းကျွေးမွေးခြင်း စသည်တို့ပြုလုပ်ပြီးနောက် လူအများဝိုင်းဖွဲ့ကာ တပျော်တပါးစားသောက်လေ့ရှိကြသည်။ ထမနဲမီးဖိုဘေးတွင် မြိန်ရေရှက်ရေ လက်ရည်တစ်ပြင်တည်း စားသောက်နေကြသော ထမနဲဝိုင်းများ၊ အများသူငါကို ဖိတ်ခေါ်ဝေငှကျွေးမွေး နွေးထွေးသော စရိုက်လက္ခဏာများသည် အေးချမ်းသော ဆောင်းကာလတွင်တွေ့ရသည့် ချစ်စရာကောင်းသော မြန်မာ့ဓလေ့စရိုက်များပင် ဖြစ်သည်။

တောင်ပေါ်ဒေသများတွင်လည်း ကောက်သစ်စားပွဲတော်များ ကျင်းပကြသည်။ ထိုဒေသများတွင် ဆီးနှင်းများ အစဉ်ဖုံးလွှမ်းနေသောကြောင့် ခိုက်ခိုက်တုန်နေကြ၍ အချမ်းအအေးကိုအန်တုကာ ခေါင်ရည်တစ်မော့ တေးတစ်ကျော့ဖြင့် မီးပုံကြီးကိုဝိုင်းပတ်ကာ ညလုံးပေါက် ကခုန်မြူးထူးကြသည်။ ကချင်ရိုးရာ မနောပွဲနှင့် ချင်းရိုးရာ ခွာဒိုပွဲတို့သည် ထင်ရှားလှပါသည်။

ဆောင်းတစ်ခွင်တွင် ကျေးရွာများ၌ အငြိမ့်ပွဲ၊ ဇာတ်ပွဲများ များပြားလှသည်။ ငွေရွှင်ချိန်၊ အလုပ်ပါးချိန်ဖြစ်၍ အနားယူသည့်အနေဖြင့် အတိုးချပြီး အပန်းဖြေကြသည်။ ဆောင်းဥတု၏ အေးမြသည့် နှင်းမှုန်အောက်တွင် ပွဲတော်များ၌ လူများကြက်ပျံမကျ စည်ကားနေလေ့ရှိသည်။ အလှူအတန်းများလည်း မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပကြသည်။ အလှူရေစက် လက်နှင့်မကွာသော သဒ္ဓါတရားကို နှင်းဖွေးဖွေးကြားတွင် တွေ့မြင်ရသည်။ မြန်မာဗုဒ္ဓဘာသာဝင်တို့ ကုသိုလ်ပွားရာ ဆောင်းကာလပါပေ။

ငွေနှင်းဖွေးဖွေး ဆောင်းအေးအေးကြားတွင် မနက်စောစော ကျန်းမာရေးလိုက်စားသူတို့၏ အားကစားလှုပ်ရှားမှုများကိုလည်း တွေ့မြင်နိုင်ပါသည်။ "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ တစ်နိုင်ငံလုံး၌ နံနက်စောစော လမ်းလျှောက်ကြသူများ၊ မနက်ခင်း အသက်ရှူလေ့ကျင့်ခန်း၊ ကျန်းမာရေး လေ့ကျင့်ခန်းပြုလုပ်သူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ လူထုလမ်းလျှောက်ပွဲများ ကျင်းပပေးလျက်ရှိသည်။ လမ်းဘေးပလက်ဖောင်း တစ်လျှောက်တွင် လမ်းလျှောက်သူ၊ အပြေးလေ့ကျင့်သူများကိုလည်း နိုင်ငံနှင့်အဝန်းတွေ့မြင်ရပါသည်။ ဆောင်းကာလ၏ အေးမြမှုကိုအန်တု၍ ထွက်ပေါ်လာသည့် ချွေးစက်စိုစိုများနှင့် လတ်ဆတ်နေသော အပြုံးမျက်နှာများမှာ နှင်းရည်သောက်ထားသည့် ပန်းမန်များနှင့်မခြား လန်းဆန်းလျက်ရှိပါသည်။ ဟေမန္တသည် မြို့ရွာအနှံ့ရှိ ပြည်သူများကို စိတ်ရောကိုယ်ပါကြည်လင် ဖျတ်လတ်စေသော အခါသမယလည်း ဖြစ်ပါသည်။

ဆောင်းကာလသည် မြန်မာ့သမိုင်းရှိ မမေ့နိုင်စရာအတိတ်များနှင့်လည်း ဆက်စပ်နေခဲ့ပါသည်။ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှု၏ အစဖြစ်သော အမျိုးသားနေ့၊ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှု အင်အားကိုပြသော ပြည်ထောင်စုနေ့နှင့် မြန်မာတို့၏ အထွတ်အမြတ် တန်ဖိုးထားအပ်သော လွတ်လပ်ရေးနေ့တို့သည် ဆောင်း၏မမေ့နိုင်စရာ ဝိသေသထူးများပင် ဖြစ်သည်။

မြန်မာနိုင်ငံရှိ နွေနှင့်မိုး၊ဆောင်းဥတုသုံးလီတွင် ကိုယ်စီအလှနှင့်ရှိကြရာ သာယာအေးချမ်းမှု၊ ပျော်ရွှင်ကြည်နူးမှု၊ စည်းလုံးညီညွတ်မှု၊ လှုပ်ရှားတက်ကြွမှုနှင့် လွမ်းမောဆွတ်ပျံ့မှုစသည့် ကိုယ်ပိုင်ဝိသေသများနှင့် ထုံမွမ်းထားသည့် ဆောင်း၏စာမျက်နှာများသည် ရောင်စုံပန်းခင်းသဖွယ် တင့်မောဖွယ်ကောင်းလှသည်ဟုပင် ဆိုချင်ပါတော့သည်။ ။

**မြန်မာနိုင်ငံရှိ နွေနှင့်မိုး၊ ဆောင်းဥတုသုံးလီတွင် ကိုယ်စီအလှနှင့် ရှိကြရာ သာယာအေးချမ်းမှု၊ ပျော်ရွှင်ကြည်နူးမှု၊ စည်းလုံးညီညွတ်မှု၊ လှုပ်ရှားတက်ကြွမှုနှင့် လွမ်းမောဆွတ်ပျံ့မှု စသည့် ကိုယ်ပိုင်ဝိသေသများနှင့် ထုံမွမ်းထားသည့် ဆောင်း၏စာမျက်နှာများသည် ရောင်စုံပန်းခင်းသဖွယ် တင့်မောဖွယ်ကောင်းလှ။**

## သနပ်ပင်မြို့နယ်စည်ပင်သာယာ လမ်းပေါက်များဖာထေးပြုပြင်

သနပ်ပင် ဒီဇင်ဘာ ၂၇

ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများကောင်းမွန်စေရေးအတွက် မြို့တွင်းလမ်းများတွင် အပေါက်များ၊ လှိုင်းများ၊ ချိုင့်ခွက်များမရှိစေရန် တစ်ကွက်ပေါက် တစ်ကွက်ဖာ စနစ်ဖြင့် ဗမ္ဘူရဇ်လမ်းကို ဒီဇင်ဘာ ၇ရက်က လမ်းပေါက်ဖာထေးမှုများ ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)



မကွေးမြို့ သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် အဖွဲ့ ဒီဇင်ဘာ ၁၂ရက်က ကွင်းဆင်းစစ်ဆေးရာ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် အမှုဆောင်အရာရှိ ဦးခင်ကျော်တို့က လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

### ပေးအပ်လှူဒါန်း

တာမွေမြို့နယ် ကျောက်မြောင်း ဒဂုံသီရိလမ်း အမှတ် ၂၃နေ ဦးမောင်ဒန်-ဒေါ်မတွတ်၊ သားမောင်တင့်လွင်-မညိုညိုသိန်း မိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ ဗဟို(ကင်ဆာ)သို့ အလှူငွေကျပ် တစ်သိန်းတစ်သောင်း လှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင် ဦးမောင်မောင်အောင်နှင့် အုပ်ချုပ်ရေးမှူး ဦးပြုံးတို့ လက်ခံယူစဉ်။ (မြန်မာ့အလင်း)

## လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲ ပြင်ဦးလွင်၌ကျင်းပ

ပြင်ဦးလွင် ဒီဇင်ဘာ ၂၇

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် နံနက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရောဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒုရဲအုပ်မာမာဌေး၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မိမိလေးတို့က သင်တန်းပို့ချပေးသည်။ (၀၈၈)

## ထပ်ပိုးလွှာခင်း

ကျော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ရက်က ဆိပ်ကမ်းသာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးကြည်နှင့် လက်ထောက်အင်ဂျင်နီယာဦးဘုန်းဇော်အောင်တို့ ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်ဝင်းနိုင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

● **ရှေ့ဖုံးမှ**

နေပြည်တော် ပျဉ်းမနားသည် နှေစပါးစိုက်ပျိုးမှုတွင် ထူးခြားသော ဒေသဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် နေပြည်တော် ပျဉ်းမနားသည် နှေစပါးစိုက်ပျိုးမှု အတွက် တောင်သူများ အလေ့အကျင့် ရနေကြသည်။ တောင်သူများသည် မြေပြင်သည်မှအစ မျိုးစေ့ချသည်အထိ အလေ့အကျင့်ရနေကြသည်။ ရိတ်သိမ်းပြီးနောက် တစ်သီးမီအောင်လုပ်သည့် အောင်မြင်၍ ရေလှောင်တမံငယ်များဖြစ်သော ချောင်းမကြီး၊ ချောင်းမငယ်၊ မြို့လှ၊ ရန်အောင်မြင်စသော ဆည်များမှ ရေများလည်း ရရှိခြင်းကြောင့် ပိုမိုတိုးတက်အောင်မြင်လျက်ရှိသည်။

**မနောသုခ စပါးမှာ ဗီဇ တည်ငြိမ်ပြီး အထွက်နှုန်းကောင်း မွန်ခြင်း၊ အခြား စပါးမျိုးများထက် ဈေးနှုန်းပိုခြင်း၊ ဝယ်ယူသူများခြင်းတို့ကြောင့် တောင်သူများ လက်မလွှတ်ဘဲ စိုက်ပျိုးနေကြပါတယ်။**

ဒေါ်အေးအေးမြင့်
မြို့နယ်မန်နေဂျာ

နေပြည်တော်ပျဉ်းမနား၏ လက်ရှိ ဆန်ဈေးနှုန်းမှာ မနောသုခ ဆန်တစ်အိတ်လျှင် ကျပ်၁၆၅၀၀-၁၈၀၀၀၊ ဆင်းသွယ်လတ် ဆန်တစ်အိတ်လျှင် ကျပ်၂၀၀၀၀-၂၅၀၀၀၊ ရွှေသွယ်ရင် ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀၀၀-၁၄၀၀၀နှင့်ဆင်းနွယ်ရင်တစ်အိတ်လျှင် ကျပ်၁၃၀၀၀-၁၄၀၀၀ အထိရှိသည်။

**အထွက်နှုန်းပို**

နေပြည်တော် ပျဉ်းမနားစိုက်ပျိုးရေးနှင့် ပတ်သက်၍ မြို့နယ်မန်နေဂျာ ဒေါ်အေးအေး မြင့်အား တွေ့ဆုံ၍ မေးမြန်းရာ ''နေပြည်တော် တည်ဆောက်သည့် အချိန်မှစ၍ နေပြည်တော်ပျဉ်းမနားတွင် မနောသုခမျိုးကို ၉၀ရာခိုင်နှုန်းစိုက်ခဲ့ကြကြောင်း၊ လယ်ယာစိုက်ပျိုးရေးဝန်ကြီးက မနောသုခမျိုးသာစိုက်ရင်း ရောက်လာသောလူဦးရေနှင့် ဆန်လုံလောက်မှာမဟုတ်သည့်အတွက် ပြုပြင်ပြောင်းလဲပြီး အထွက်ကောင်းစပါးစိုက်ရန် ပြောကြားကြောင်း၊ ပဲခူးတိုင်းဘက်တွင် စိုက်သော ဆင်းသွယ်လတ်မျိုးကို ပြောင်းလဲစိုက်ရန် ညွှန်ပြသဖြင့် ဆင်းသွယ်လတ်မျိုးကို ပြောင်းလဲစိုက်ကြောင်း၊ မိမိတို့အနေဖြင့် ဆင်းသွယ်လတ်မျိုးကို တစ်ခါမျှမစိုက်ဖူးခဲ့၍ ၂၀၀၆-၂၀၀၇ခုနှစ်မှစပြီး ဆင်းသွယ်လတ်မျိုးကို အကျိုးဆောင်တောင်သူကြီးများအား စိုက်ခိုင်းကြောင်း၊ ပထမနှစ်တွင် အထွက်နှုန်း မကောင်းလှဘဲ ၂၀၀၇-၂၀၀၈မှစ၍ ဆင်းသွယ်လတ်မျိုးမှာ အထွက်နှုန်းပိုပြီး ဈေးနှုန်းလည်းမြင့်၍ အဝယ်လိုက်လာခဲ့ကြောင်း ရှင်းပြသည်။

ဆင်းသွယ်လတ်မျိုးသည် အထွက်နှုန်း ပိုသည့်အပြင် ထားနိုင်လေ ဈေးပိုရလေ ဖြစ်ကြောင်း သိလာကြသဖြင့် ယခုနှစ် ၂၀၀၈-၂၀၀၉ တတိယနှစ်တွင် ဈေးကွက် အမြင့်ဆုံး ဖြစ်လာခဲ့သည်။ ဆင်းသွယ်လတ်သည် စပါးဈေးရော၊ ဆန်ဈေးပါ ကောင်းလာသည်။ နေပြည်တော်သို့ ပြောင်းလာကြသော ဝန်ထမ်းများမှာ ဆင်းသွယ်လတ်ကို ကြိုက်နှစ်သက်ကြသည်။ ဆင်းသွယ်လတ်မျိုးကို အကျိုးဆောင် တောင်သူများနှင့် ပူးပေါင်းပြီး မျိုးပွားရသည်။

**ပုရွက်ဆိတ်ကုန်း ကျေးရွာမှ လယ်သူမကြီး မလှိုင်က ဆင်းသွယ်လတ်စပါးများ စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း မြန်မာ့အလင်းသို့ ရှင်းပြသည်။** (မြန်မာ့အလင်း)

**လုံလောက်**

''ယခု အခြေအနေအရ ဆင်းသွယ်လတ် စပါးမျိုးများမှာ နေပြည်တော်၌ လုံလောက်လျက်ရှိပြီး မျိုးပွားထားခြင်းကြောင့် အခြားဒေသများမှ လာဝယ်လျှင်လည်း ပေးနိုင်သောအခြေသို့ ရောက်နေကြောင်း၊ ဆင်းသွယ်လတ်ကို နေပြည်တော် ပျဉ်းမနားတွင် တစ်ကွင်းလုံး စိုက်နေကြကြောင်း၊ မြို့ရှောင်လမ်းဘေး တစ်ဖက်တစ်ချက်တွင် တွေ့ရသော စပါးများမှာ ဆင်းသွယ်လတ် စပါးများ ဖြစ်ကြောင်း၊ ဆင်းသွယ်လတ်မှာ အစတွင် ထမင်းပျော့သဖြင့် မကြိုက်ကြသော်လည်း ဆန်ဟောင်းလာလေ စား၍ပိုကောင်းလေဖြစ်၍ ဈေးကွက်တွင် ဆင်းသွယ်လတ်ဟု ပိုသိလာပြီဖြစ်ကြောင်း။ မနောသုခဆန်ကို ဒေသခံများက စားကြ၍ မနောသုခကိုလည်း စိုက်ကြကြောင်း၊ ဆင်းသွယ်လတ်မှာ နေပြည်တော်သို့ ပြောင်းလာသော ဝန်ထမ်းများ အကြိုက်ဖြစ်ပြီး လုံလောက်စွာထွက်ရှိနေကြောင်း'' ဟု မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

နေပြည်တော်ပျဉ်းမနား၏ ငါးနှစ်တာ မိုးစပါးစိုက်ပျိုးမှု အခြေအနေကို ကြည့်လျှင် နှစ်အလိုက် အများဆုံးစိုက်ပျိုးသော စပါးမျိုးမှာ မနောသုခစပါးမျိုးဖြစ်သည်။ ၂၀၀၅-၂၀၀၆ခုနှစ် မိုးစရာသီမှစ၍ စားသုံးမှုကောင်းမွန်သည့် ဆင်းသွယ်လတ် စပါးမျိုးကို စတင်စိုက်ပျိုးခဲ့ပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ၉၈၃၁ဧကေ တိုးတက်စိုက်ပျိုးခဲ့သည်။ ၂၀၀၇-၂၀၀၈ခုနှစ်တွင် ၁၃၁၉၇ ဧကနှင့် ၂၀၀၈-၂၀၀၉ခုနှစ်တွင် ဧက ၁၆၃၇၀ အသီးသီးစိုက်ပျိုးခဲ့သည်။ ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါး စိုက်ဧက ၄၄၂၀၅ တွင် မနောသုခမှာ ၁၇၂၉၈ဧက၊ ဆင်းသွယ်လတ်စပါးမှာ ဧက၁၆၃၇၀၊ ဆင်းနွယ်ရင်စပါးမှာ ၄၃၃၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**ဈေးနှုန်းပို**

''နေပြည်တော်ပျဉ်းမနား မိုးစပါးတွင် မနောသုခစပါးကို အများဆုံး စိုက်ပျိုးနိုင်ခြင်းမှာ မနောသုခစပါးမျိုးမှာ ရေမြေရာသီဥတုအနေအထားနှင့် သင့်လျော်သည့် အပြင် အပင်ရှင်သန်မှုကောင်းခြင်း၊ အခြားသော ဒေသများမှာ ကျရောက်လေ့ရှိသော ရွက်ခြောက်ရောဂါမှာ အပင်ကြီးချိန်မှ ကျ ရောက်လေ့ရှိသဖြင့် ရောဂါကျသော်လည်း အထွက်နှုန်း ထိခိုက်မှုမရှိခြင်း၊ မနောသုခစပါးမှာ ဗီဇ တည်ငြိမ်ပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ ထွက်ရှိလာသော စပါးမျိုးများကိုလည်း ရောင်းချရာတွင် အခြားသော စပါးမျိုးများထက် ဈေးနှုန်းပိုခြင်း၊ ဝယ်ယူသူများခြင်းတို့ကြောင့် တောင်သူများ လက်မလွှတ်ဘဲ စိုက်ပျိုးနေခြင်း ဖြစ်ကြောင်း မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်က ဆက်လက်ရှင်းပြသည်။

**ဈေးကောင်းရလာ**

မနောသုခဆန်မှာ လူလတ်တန်းစား အများစုအပြင် လက်လုပ်လက်စား အများစုက လိုလိုလားလား ဝယ်ယူစားသုံးကြသဖြင့်လည်းကောင်း၊ မြို့နယ်ပြင်ပသို့ တင်ပို့ရောင်းချရာတွင်လည်း ဈေးကောင်း ရလာခြင်း၊ ဝယ်လက်များခြင်းကြောင့် ဈေးကွက်ကောင်းရနေခြင်း ဖြစ်သည်။ မနောသုခဆန်မှာ အချက်ခံ၊ အိုးတက်ပွားများခြင်း၊ မချွဲမကပ်မစေး ဆန်တစ်စေ့စီ လုပခြင်း၊ ညမှာချက်ထား၍ကျန်လျှင် မနက်ထမင်းကြမ်းအဖြစ် စားကောင်းခြင်းဖြစ်၍ လယ်သမားထုနှင့် ပြည်သူများအတွက် မနောကိုသုခဖြစ်စေသော ဟဒယနှလုံး ရွှင်ပြုံးစေသောဆန်ဟု ဆိုစမှတ်ပြုကြသည်။

**ထည့်သွင်းစိုက်ပျိုး**

နေပြည်တော် ပျဉ်းမနားတွင် ဒုတိယ အများဆုံး စိုက်ပျိုးလာသည့် စပါးမျိုးမှာ ဆင်းသွယ်လတ် စပါးဖြစ်ကြောင်း။ ဆင်းသွယ်လတ်စပါးကို တောင်သူများ လက်ခံကျင့်သုံးလာခြင်းမှာ ရေမြေနှင့်ကိုက်ညီမှုရှိခြင်း၊ ဓာတ်မြေဩဇာ နည်းနည်းထည့်ပြီး အထွက်ကောင်း စပါးမျိုးဖြစ်ခြင်းကြောင့် ဖြစ်ကြောင်း၊ ဆင်းသွယ်လတ်ဆန်မှာ စတင်စိုက်ပျိုးစဉ်က ဈေးကောင်း မရခဲ့သော်လည်း နေပြည်တော်ဒေသ ဖြစ်ပေါ်လာပြီးနောက် ဆင်းသွယ်လတ် စားသုံးမှု ပိုများလာခြင်းကြောင့် ယခုနှစ်တွင် ဈေးကွက်ကောင်း ရလာပြီဖြစ်ကြောင်း၊ ဆင်းသွယ်လတ်စပါးသည် မနောသုခစပါးလောက် ဆန်ထွက် ရာခိုင်နှုန်း မကောင်းသော်လည်း ဆန်ဈေးနှုန်းကောင်းလာသည့်အတွက် ဈေးကွက်ကောင်းရလာခြင်းဖြစ်ကြောင်း၊ နေပြည်တော် ပျဉ်းမနားတွင် လက်ရှိ စိုက်ပျိုးနေသည့် ဆည်ရေသောက်ဒေသ သုံးသီးစိုက်ပုံစံ (မိုးစပါး-မတ်ပဲ-နှေစပါး) ဧရိယာတွင် ဆင်းသွယ်လတ်ကို သက်တမ်းကြီးခြင်း၊ ရိုးပြတ်ရှည်ခြင်းတို့ကြောင့် စိုက်ပျိုးခြင်း မရှိသော်လည်း(မိုးစပါး-နှေစပါး)နှစ်သီး စိုက်ဧရိယာတွင်သာ ထည့်သွင်း စိုက်ပျိုးရကြောင်းလည်း ၎င်းက ဆက်လက် ရှင်းပြသည်။

**အလားအလာကောင်း**

ဆင်းနွယ်ရင် စပါးမှာ ၂၀၀၇-၂၀၀၈ခုနှစ်မှစတင် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ၄၃၃၇ဧက စိုက်ပျိုးလာနိုင်ခဲ့သည်။ ဆင်းနွယ်ရင် စပါးမျိုးသည် ရွှေသွယ်ရင်စပါးကဲ့သို့ အထွက်နှုန်း ၁၀၀ ကျော်ခြင်း၊ သက်တမ်းတိုခြင်း၊ စားသုံးမှုကောင်းခြင်းတို့ကြောင့် နေပြည်တော် ပျဉ်းမနား ဆည်ရေသောက်သုံး သီးစိုက်ပုံစံ (မိုးစပါး-မတ်ပဲ-နှေစပါး)တွင် စိုက်ပျိုးလာခြင်းကြောင့် တိုးတက်စိုက်ပျိုးသွားမည့် အလားအလာကောင်းသည့် စပါးမျိုးဖြစ်သည်။

**အောင်မြင်ဖြစ်ထွန်း**

ထို့နောက် မြန်မာ့အလင်းသတင်းအဖွဲ့အား လယ်ယာစိုက်ပျိုးရေးဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးစိုင်းနန္ဒာ ခေါင်းဆောင်၍ မြို့နယ်မန်နေဂျာ ဒေါ်အေးအေးမြင့်က သစ်လေးလုံးအုပ်စု ပုရွက်ဆိတ်ကုန်းကျေးရွာတွင် ဆင်းသွယ်လတ်စပါးများ အောင်မြင် ဖြစ်ထွန်းစွာ စိုက်ပျိုးပြီးစီးလျက် ရှိသည်ကို လိုက်လံပြသခဲ့သည်။

**သစ်လေးလုံး ကျေးရွာအုပ်စု ပုရွက်ဆိတ်ကုန်းကျေးရွာမှ တောင်သူ ဦးစန်းယုက ဆင်းသွယ်ရင်စပါးခင်း၊ ဆင်းသွယ်လတ်စပါး စိုက်ပျိုးအောင်မြင်မှုနှင့် ပတ်သက်၍ ဤသို့ရှင်းပြသည်။** (မြန်မာ့အလင်း)

ပုရွက်ဆိတ်ကုန်း ကျေးရွာတွင် စပါးများ ရင့်မှည့်၍ ရိတ်ရန်သာလိုတော့သည့် လယ်ကွင်းသို့ရောက်ရှိခဲ့ရာ စပါးစိုက်တောင်သူများက ရှင်းလင်းပြောပြသည်။ ပုရွက်ဆိတ်ကုန်း ကျေးရွာမှ တောင်သူ ဦးစန်းယုက ဆင်းသွယ်လတ် စပါးစိုက်ပျိုးခြင်း အကျိုးရှိမှုကို အသေးစိတ်ရှင်းပြသည်။

ပုရွက်ဆိတ်ကုန်းကျေးရွာသစ် အုပ်စုတွင်ရှိသော တောင်သူများကား စပါးများရိတ်သိမ်းနေကြပေပြီ။ လယ်ကွင်းအတွင်း ကောက်ရိတ်ရင်း သီချင်းဆိုနေသံများ လွင့်ပျံ့လာသည်။ တောင်သူဘဝကား အေးချမ်းလှပါဘိ။ ။

**(မြန်မာ့အလင်း)**

**အပြည့်အဝထုတ်လုပ်**

လမ်းဘေးတွင် ရိတ်သိမ်းကြသည်၊ စက်များဖြင့်ခြွေကြသည်၊ နေလှန်းကြသည် စသည်တို့ကို အလေ့အကျင့်ရ၍ ကျွမ်းကျင်နေကြသည်။ ရေမြေဒေသ ကောင်းသောကြောင့် နေပြည်တော် ပျဉ်းမနား၏ စပါးစိုက်ပျိုးထုတ်လုပ်မှုသည် မိုးစပါးကို အပြည့်အဝ ထုတ်လုပ်နိုင်သကဲ့သို့ နှေစပါးကိုလည်း အပြည့်အဝထုတ်လုပ်နိုင်မည် ဖြစ်သည်။

နေပြည်တော် ပျဉ်းမနားတွင် စိုက်ပျိုးရေးအတွက် အဓိကလိုအပ်သော ရေများကို ရရှိသည့်အတွက် စပါးများ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။ အပန်းဖြေရန် စီစဉ်ဖွင့်ထားသော ငလိုက်ရေလှောင်တမံမှ ဆည်ရေ၊ တစ်ဖက်တွင်လည်း ရေဆင်းဆည်ကြီးရှိ၍ စိုက်ပျိုးရေးသုတေသနပတ်ဝန်းကျင်၌ စိမ်းစို၍ ဖြစ်ထွန်းနေသော စပါးများသည် ရေဆင်းဆည်မှ ရေဖြင့်စိုက်ပျိုးကြသည်။ တစ်ဖန် ပေါင်းလောင်းဆည်သည် စိုက်ပျိုးရေလည်းပေး ရေအားလျှပ်စစ်အတွက်လဲ ရသောကြောင့် စိုက်ပျိုးမှု အဆင့်အထိ ကောင်းစွာ ကျွမ်းကျင်နေကြပြီဖြစ်သည်။

**ဆုချီးမြှင့်**

ဒီဇင်ဘာ ၂၄ရက်က ဇဗ္ဗဟန်းမြို့နယ် အမှတ်(၂၂)အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် မြို့နယ်အဆင့်စတုတ္ထတန်း သင်္ချာထူးချွန်ဆုရရှိသော မချမ်းမြေ့ထိုက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးလှိုင်က ဆုချီးမြှင့်စဉ်။ (၁၃၅)

## မိုးညှင်း - ပင်ရဲလှလမ်း သဲကျောက်ခင်း

**မိုးညှင်း ဒီဇင်ဘာ ၂၇**

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် မိုးညှင်း-ပင်ရဲလှလမ်းသဲကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ လုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ဒီဇင်ဘာ ၂၅ရက်က လုပ်ငန်းဆောင်ရွက် ပြီးစီးနေမှုကို ကွင်းဆင်းကြည့်ရှု၍ ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဒေဝအောင်က ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

**မိုး**

**အန္တရာယ် အစဉ်သတိပြု**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလုပ်ငန်းညှိနှိုင်း

**လားရှိုး ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၈ခုနှစ် တစ်နှစ်တာလုပ်ငန်း ဆောင်ရွက်နိုင်မှုများနှင့် ၂၀၀၉ခုနှစ် လုပ်ငန်းလျာထားချက်များ ညှိနှိုင်းအစည်းအဝေးကို လားရှိုးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ဒီဇင်ဘာ၂၃ရက် နံနက်၉နာရီက ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ရှင်းလင်းဆွေးနွေး အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လားရှိုးခရိုင်ဦးစီးအရာရှိ ဦးဝင်းရှိန်၊ မူဆယ်ခရိုင်ဦးစီးအရာရှိ ဦးဆန်းဝင်း၊ ကျောက်မဲခရိုင်ဦးစီးအရာရှိ ဦးညွန့်ဆောင်နှင့် ကွမ်းလုံခရိုင်ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းတို့က မိမိတို့ခရိုင်နှင့် မြို့နယ်များအလိုက် ၂၀၀၈ခုနှစ် လုပ်ငန်းများဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**စံ(၅)ချက်**

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရှင်သန်ခိုင်မာစာကြည့်တိုက်များ မြို့နယ်လုံးကျွတ်၊ ခရိုင်လုံးကျွတ် ဆောင်ရွက်ပြီးသည့် ကွမ်းလုံခရိုင်နှင့် မြို့နယ်ရုံးခြောက်ရုံးတို့အား ကြိုးပမ်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့ရှင်သန်နေသည့် စာကြည့်တိုက်များ စံ(၅)ချက်နှင့် ပိုမိုညီညွတ်ရေး၊ စာငှားစနစ်ကျင့်သုံးနိုင်ရေး၊ ကျေးရွာများသို့ မပြတ်ကွင်းဆင်း ဆောင်ရွက်သွားကြရန် ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည်။

ပထမအကြိုဗိုလ်လုပွဲအဖြစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(လေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(လေ)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အသက်(၁၃)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပွဲတော် ကယားပြည်နယ်က စစ်ကိုင်းတိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲ

**သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင်**

ရန်ကုန် ဒီဇင်ဘာ ၂၇

**၂၀၀၈ခုနှစ် (၁၁)ကြိမ်မြောက် အသက်(၁၃)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပွဲတော်ကို ယနေ့ညနေ၃နာရီက တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားကွင်း၌ကျင်းပရာ ကယားပြည်နယ်အသင်းက စစ်ကိုင်းတိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားပါတယ်။**

**အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပထမဆုရ ကယားပြည်နယ်အသင်းအား ဆုချီးမြှင့်စဉ်။** (မြန်မာ့အလင်း)

**စစ်ကိုင်းတိုင်း - ဂိုးမရှိ။ ကယားပြည်နယ် - တစ်ဂိုး။**

ယခုနှစ် ယူ-၁၃ ပြည်နယ်နှင့်တိုင်း ဘောလုံးပွဲကို ပြီးခဲ့တဲ့နှစ်တွေကလို ပြိုင်ပွဲအနေနဲ့ ကျင်းပတာမဟုတ်ဘဲ အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ကျင်းပနေတဲ့ ဘောလုံးပွဲတော်ပုံစံနဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပြိုင်ပွဲဝင်အသင်းတွေ ပွဲများများကစားရရန်အတွက် ခုနစ်သင်းတစ်အုပ်စုနှင့် ရှစ်သင်းတစ်အုပ်စုခွဲပြီး ကျင်းပခဲ့တာဖြစ်ပြီး မိနစ်၃၀ နှစ်ပိုင်းကစားရတာဖြစ်ပါတယ်။

### တစ်လုံးတည်းသောဂိုး

ပြည်နယ်နှင့်တိုင်း ယူ-၁၃ဘောလုံး ပွဲတော်အဖြစ် ပထမဦးဆုံး ပြောင်းလဲကျင်းပတဲ့ပြိုင်ပွဲမှာတော့ ကယားပြည်နယ်အသင်းဟာ အောင်ပွဲခံခွင့်ရရှိသွားပါတယ်။ ကယားရော စစ်ကိုင်းပါအုပ်စုဒုတိယတွေနဲ့ အကြိုဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့တာဖြစ်ပေမယ့် အကြိုဗိုလ်လုပွဲမှာ နှစ်သင်းစလုံးခြေစွမ်းပြပြီး ဗိုလ်လုပွဲကို တက်ရောက်လာတာ ဖြစ်ပါတယ်။ ဗိုလ်စွဲဖို့အတွက် နှစ်သင်းစလုံး အားကုန်ထုတ် ကြိုးစားခဲ့ပေမယ့် ကယားက ပွဲပြီးခါနီးမှာသွင်းတဲ့ တစ်လုံးတည်းသောဂိုးနဲ့ အနိုင်ရသွားခဲ့ပါတယ်။

### အားပေးရကျိုးနပ်

လူငယ်တွေပီပီ ပွဲစကတည်းက ဂိုးရဖို့ တိုက်စစ်ဖွင့်ကစားခဲ့ကြပါတယ်။ ကယားရော စစ်ကိုင်းပါ ဘောလုံးပညာ ကျေညက်တဲ့ကစားသမားအချို့တွေ ပါဝင်လာတာကြောင့် အဆင့်အတန်းမီမီ ကစားနိုင်ခဲ့ကြပါတယ်။ ဒါပေမယ့် ပထမပိုင်းမှာတော့ နှစ်သင်းစလုံး ဂိုးရရှိအောင် မစွမ်းဆောင်နိုင်တာကြောင့် ဂိုးမရှိသရေဖြစ်နေပါတယ်။ ဒုတိယပိုင်းမှာတော့ ပွဲဟာ ပိုပြီးအကြိတ်အနယ်ရှိလာခဲ့ပါတယ်။ ၄၅မိနစ်မှာ စစ်ကိုင်းအသင်းဂိုးရရှိနိုင်တဲ့ အခွင့်အရေးကို ကယားဂိုးသမားခွန်တီးလွေ လက်စွမ်းပြကာကွယ်နိုင်ခဲ့တာကတော့ စစ်ကိုင်းကို ကံဆိုးသွားစေပါတယ်။ စစ်ကိုင်းတိုက်စစ်မှူး နေလင်းဦး အနီးကပ် ခေါင်းတိုက်ခွင့် နှစ်ကြိမ်ရပေမယ့် ကယားဂိုးသမား ခွန်တီးလွေ ကာကွယ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ကယားတိုက်စစ်ကတော့ မူးရယ်၊ ထိန်လင်း၊ ဖရဲရယ်တို့ တွဲလုံးတွေကနေ ပုံဖော်ခဲ့တာဖြစ်ပြီး ၅၁မိနစ်မှာတော့ တိုက်စစ်မှူး မူးရယ်က တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူသွားပါတယ်။ အဲဒီ အနိုင်ဂိုးကို ထိန်းကစားနိုင်ခဲ့တာကြောင့် ကယားအသင်း ဗိုလ်စွဲခဲ့ပြီး အိုးစည်၊ ဗုံမောင်းတွေနဲ့ တစ်ခဲနက် လာရောက်အားပေးကြတဲ့ ကယားပရိသတ်တွေလည်း အားပေးရကျိုးနပ်သွားပါတယ်။

### ချီးမြှင့်

ပြိုင်ပွဲအပြီးမှာ ပထမဆုကို ကယားပြည်နယ်၊ ဒုတိယဆုကို စစ်ကိုင်းတိုင်း၊ တတိယဆုကို ရန်ကုန်တိုင်း၊ အသန့်ရှင်းဆုံးအသင်းဆုကို စစ်ကိုင်းတိုင်းတို့က ဆွတ်ခူးရရှိသွားပြီး နေရာအလိုက် အကောင်းဆုံးဆုများကို ဂိုးသမား ခွန်တီးလွေ(ကယား)၊ နောက်တန်း ရဲရင့်သွေး(ရန်ကုန်)၊ အလယ်တန်း ကျော်နိုင်မျိုး(မန္တလေး)၊ ရှေ့တန်း ခန့်မွန်အောင်(စစ်ကိုင်း)နှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုကို မူးရယ်(ကယား)တို့က ရရှိသွားပါတယ်။ ဆုကြေးများအဖြစ် ပထမ ကျပ်သုံးသိန်း၊ ဒုတိယ ကျပ်နှစ်သိန်း၊ တတိယ ကျပ်တစ်သိန်း ချီးမြှင့်ခဲ့ပါတယ်။ ဆုရရှိသောအသင်းများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နဲ့ တာဝန်ရှိပုဂ္ဂိုလ်များက ချီးမြှင့်ခဲ့ပါတယ်။

### အောင်မြင်မှု

ကယားပြည်နယ် အသင်းအုပ်ချုပ်သူ ဦးထွန်းကျော်က " ကျွန်တော်တို့ ဒီကစားသမားတွေကို ပြုစုပျိုးထောင်ပေးနေတာ နှစ်နှစ်လောက်ရှိပါပြီ။ ကယားပြည်နယ်က မြို့နယ်နှင့် ကျေးရွာတွေက ကစားသမားအစုံပါဝင်ပါတယ်။ အခုဗိုလ်စွဲတာက ကစားသမားတွေရဲ့ စိတ်ဓာတ်နဲ့ ကြိုးစားမှုကြောင့်ပါ။ ကျွန်တော်ကလည်း အသင်းအောင်မြင်မှုရလို့ အများကြီးဝမ်းသာသလို ပြိုင်ပွဲတိုင်းမှာ အောင်မြင်မှုရအောင် လုပ်ဆောင်သွားမှာပါ"လို့ ပြောကြားခဲ့ပါတယ်။ ။ **(မြန်မာ့အလင်း)**

**ကြိုးစားမှု**

**"ကစားသမားတွေရဲ့ စိတ်ဓာတ်နဲ့ ကြိုးစားမှုကြောင့် ဗိုလ်စွဲတာပါ"**
ဦးထွန်းကျော်
ကယားအုပ်ချုပ်သူ

## Golf Masters မဂ္ဂဇင်းဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

Han Golf Masters Pte., Ltd. က စီစဉ်သော Golf Masters မဂ္ဂဇင်းဖတ်ရှုသူများ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ရက်တွင် ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် ကိုးမိုင်၌ကျင်းပရာ Golf Masters မဂ္ဂဇင်းစာဖတ်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၁၃၀ကျော်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

### ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုကျင်းပရာ H'Cap(0-16)တန်းတွင် ပဉ္စမရရှိသော အောင်ကျော်လင်း (အသားတင်ရိုက်ချက် ၇၀)၊ စတုတ္ထရရှိသော တင်ဝင်း (အသားတင်ရိုက်ချက် ၆၉ချက်)၊ တတိယရရှိသော ရဲလွင်ဦး(အသားတင်ရိုက်ချက် ၆၉ချက်)၊ ဒုတိယရရှိသော ဇော်ဖန်(အသားတင်ရိုက်ချက် ၆၉ချက်)နှင့် ပထမရရှိသော မြင့်စိုး(အသားတင်ရိုက်ချက် ၆၉ချက်)တို့အား Golf Masters မဂ္ဂဇင်းအယ်ဒီတာချုပ် ဦးဆန်းထွန်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)**

H'Cap(17-24)တန်းတွင် ပဉ္စမရရှိသော အောင်ဝေမျှကျော် (အသားတင် ရိုက်ချက် ၇၁ချက်)၊ စတုတ္ထရရှိသော အုန်းခေါင် (အသားတင်ရိုက်ချက် ၇၁ချက်)၊ တတိယရရှိသော အောင်မြင့်ဦး (အသားတင်ရိုက်ချက် ၇၀)၊ ဒုတိယရရှိသော အောင်နိုင်ထူး (အသားတင် ရိုက်ချက် ၇၀)နှင့် ပထမရရှိသော ချို့အောင် (အသားတင်ရိုက်ချက် ၇၀)တို့အား Han Golf Masters Pte., Ltd. မှ ဒါရိုက်တာ ဦးကိုကိုလေးက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ကျင်းအမှတ်(၂)တွင် Nearest Pin ဆုရရှိသော သက်တင်ဝင်းလွင်နှင့် ကျင်းအမှတ်(၅)တွင် Nearest Pin ဆုရရှိသော ရဲလွင်ဦးတို့အား Golf Masters မဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဦးစိုးမြင့်ကလည်းကောင်း၊ ကျင်းအမှတ်(၁၂)Nearest Pin တွင် ဆုရရှိသော ဦးမြင့်စိုးအား Royal Modern Furniture မှ ဒါရိုက်တာ ဦးသက်တင်ဝင်းလွင်ကလည်းကောင်း၊ ကျင်းအမှတ်(၁၈)တွင် Longest Drive ဆုရရှိသော အောင်ဝေမျှကျော်အား Pahtama Group Ltd. မှ Marketing Executive ဒေါ်ချိုချိုခိုင်ကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ဝင်ရောက်ယှဉ်ပြိုင်ကြသော ကစားသမားများအတွက် ကံစမ်းမဲအစီအစဉ်တစ်ရပ်ပြုလုပ်ပေးသည်။

### ပါဝင်ကူညီ

အဆိုပါ ပြိုင်ပွဲဖြစ်မြောက်ရန်အတွက် Han Golf Masters Pte.,Ltd. က အဓိကပံ့ပိုးပေးပြီး Co-sponsor များအဖြစ် Srixon, Cleveland, Cross Creek, XXIO, Pahtama Group Ltd., C-Care,Dagon Brewery Co.,Ltd., GP Watch, Royal Modern Furniture, First Image Fashion Shop တို့က ပါဝင်ကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

DEGIROL®
LOZENGES
ခံတွင်းဝေဒနာ နှင့် လည်ချောင်းနာခြင်းများ အတွက်
ဒီဂျရော ငုံဆေးပြား

## လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ သီရိလမ်း၊ အမှတ်၃၆နေ
ဦးဝင်းထိန်ဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ငြိမ်း) (အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန)-
ဒေါက်တာနွဲ့နွဲ့ဦး (တာဝန်ခံဆရာဝန်၊ လူမှုဖူလုံရေးဆေးခန်း၊ လှိုင်သာယာ)တို့၏သားကြီး

**မောင်ကမ္ဘာလင်းဦး B.Sc (Geology)**
**Diploma in English (Y.U.F.L)**
**(R.C.L Ship Management)** နှင့်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ခေမာတောင်၅လမ်း၊ အမှတ်၂၅နေ
ဦးအုန်းသန်း-ဒေါ်တင်တင်ဦးတို့၏ တစ်ဦးတည်းသောသမီး

**မဇင်ဝါခိုင် B.Sc (Maths)**
**Diploma in Japanese (Y.U.F.L)**

တို့သည် ၃-၁၂-၂၀၀၈ရက်တွင် နှစ်ဖက်သော မိဘတို့၏ သဘောတူခွင့်ပြုချက်အရ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်းနှင့် ၂၇-၁၂-၂၀၀၈ရက်တွင် မဟာစည်သာသနာ့ရိပ်သာ၌ မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာဧည့်ခံပွဲ ကျင်းပပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်ကမ္ဘာလင်းဦး-မဇင်ဝါခိုင်။**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်လမ်း၊ (မီးရထားဝင်း) အမှတ်၁၁နေ
(ဦးဆောင်ဂွမ်း-ဒေါ်စောချိန်)၊ (ဦးစိန်ဟုတ်)-ဒေါ်ဟန်တီတို့၏မြေး၊
ဦးဟွန်ဘွန်း(ခ)ဦးဝင်း-ဒေါ်ခင်လှတို့၏
တစ်ဦးတည်းသောသား

**Dauglas Tun Min B.Sc (Physics)** နှင့်

ရန်ကုန်မြို့၊ မြေနီကုန်း၊ ဓမ္မာရုံလမ်း၊ အမှတ် ၄၃ နေ
(ဦးကျုန-ဒေါ်ညွန့်တင်)၊ (ဦးဟောင်ကောင်း)-ဒေါ်ကျင်အိတို့၏မြေး၊
ဦးတင်အေး-ဒေါ်ဆွေဆွေမော်တို့၏ ဒုတိယသမီး

**ဒေါက်တာ ထက်ထက်လင်း M.B.,B.S(Ygn)**

တို့သည် ၂၇-၁၂-၂၀၀၈ ရက် (စနေနေ့)တွင် Yuzana Garden Hotel ၌ နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**Dauglas Tun Min - ဒေါက်တာထက်ထက်လင်း။**

## ကျောက်တံခါးမြို့ အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၇**

ကျောက်တံခါးမြို့ အခြေခံပညာ အထက်တန်းကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် သက်ကြီး အာစရိယပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ၁၈ရက် နံနက်၉နာရီတွင် အထက်ပါကျောင်း ပတ္တမြားခန်းမ၌ ကျင်းပမည် ဖြစ်သည်။ ကျောက်တံခါး အထကတွင် အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ပညာရေးဌာနမှ အငြိမ်းစားယူခဲ့ကြသည့် အသက် ၆၀ ပြည့် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည် ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ပူဇော်လှူဒါန်းလိုသူများသည် ဦးဇော်တင့် (ရန်ကုန်) ဖုန်း-၀၁-၃၉၄၇၆၈၊ ၀၉-၈၀-၃၃၁၉၅၊ ဦးညွန့်ရွှေ (ရန်ကုန်)ဖုန်း-၀၁-၆၄၁၃၃၇၊ ၀၉-၅၁-၅၀၃၇၇၊ဦးစိုးမိုးဝင်း (ပဲခူး) ဖုန်း-၀၅၂-၂၁၀၅၃၊ ဦးအေးလွင် (မန္တလေး) ဖုန်း-၀၂-၈၈၅၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ရန်ကုန်မြို့မှ လိုက်ပါလိုသူများသည် ဦးဇော်တင့်၊ဦးညွန့်ရွှေကျောက်တံခါးမြို့နယ်အသင်း (ရန်ကုန်)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

New Year Eve Celebrations
@ SKY BISTRO
(20th Fl of Sakura Tower)
New Year Eve Countdown Celebration
on 31st Dec 2008, 7:00 pm till midnight
Kyats 36,000 per pax
(Buffet Dinner with Free Flow Drink, Magic Shows, Musics & DJ for Dancing)
For Rsvn: 01-255255, 01-255277

KMD
Computer Centre
:: i-Office :: i-Office 2007 :: Graphic Design :: Desktop Publishing :: Email & Web Design
:: LCCI Computerised Accounting :: Special Effect :: Accpac Plus :: Basic Software Engineering
:: Practical A+ :: AutoCAD 2007 :: AutoCAD 3D :: Programming (C, C++, Java, VB.net, ASP, MS Access, Excel)

TET LAMS CONSTRUCTION COMPANY

တက်လမ်းဆောက်လုပ်ရေးမှ နှစ်သစ်ကူးအထူးအစီအစဉ်ဈေးရောင်းပွဲတော်
(၂၈-၁၂-၂၀၀၈) မှ (၁၀-၁-၂၀၀၉) အတွင်းသာ

၁၅% မှ ၄၀% လျှော့၍ ဦးစားပေးစနစ်ဖြင့် ရောင်းချပေးပါမည်။

- China Town Condo (2400 sq ft)
- Shop House, Duplex

## သီချင်းဆိုပြိုင်ပွဲ အစီအစဉ်သစ်

(J-First Group)ကကြီးမှူး၍ '၂၀၀၉ သီချင်းဆိုပြိုင်ပွဲ' အစီအစဉ်သစ်ကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ပြိုင်ပွဲတွင် သတ်မှတ် တေးသီချင်းသစ်များကိုသာ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အရည်အချင်းရှိသောအဆိုရှင်ကောင်းများအတွက် ကိုယ်ပိုင်အသံ၊ ကိုယ်ပိုင်ဟန်ဖြင့် ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ပါသည်။

၁။ **ပြိုင်ပွဲအမျိုးအစားများ** - (က) စုံတွဲ
- (ခ) တစ်ဦးတည်း(ကျား)
- (ဂ) တစ်ဦးတည်း(မ)

၂။ **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၂၂-၁၂-၂၀၀၈ ရက်

၃။ **လျှောက်လွှာပိတ်မည့်ရက်** - ၂၅-၁-၂၀၀၉ ရက်

၄။ **လျှောက်လွှာလက်ခံမည့်နေရာ(ရန်ကုန်)** - စိမ်းလန်းစိုပြည်ဂါးဒင်း
- ရတနာမြိုင်တေးသံသွင်း
- မန်းသီရိတေးသံသွင်း
- Apple Music

**(မန္တလေး)** - လှိုင်းတေးသံသွင်း
- မန်းသီရိတေးသံသွင်း

၅။ လျှောက်လွှာလက်ခံရာဌာနတွင် သီချင်းနမူနာစီဒီအား ထုတ်ယူနိုင်ပါသည်။ ထိုစီဒီအတွင်းမှ သတ်မှတ်အမျိုးအစားအလိုက် တေးသီချင်းတစ်ပုဒ်ကိုသာ သီဆိုရပါမည်။

၆။ ပြိုင်ပွဲတွင် စုံတွဲအဆိုရှင် သုံးစုံတွဲ၊ တစ်ဦးတည်း ကျားအဆိုရှင် သုံးဦး၊ မအဆိုရှင် သုံးဦး၊ စုစုပေါင်း အဆိုရှင် ၁၂ဦးအား ရွေးချယ်ကာ ဆုကြေးအပြင် '၂၀၀၉ ချစ်သူများအမှတ်တရ တေးစီးရီး' အား စီစဉ်ပြုလုပ်ပေးသွားမည်ဖြစ်သည်။

**အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းနံပါတ်-၀၉-၅၁-၉၀၂၈၅၊ ၀၉-၅၁-၈၂၀၆၄ နှင့် ၀၁-၇၂၀၆၇၂ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။**

## အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

### ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ ဆက်လက်ပို့ဆောင်ပေးမည့် အစီအစဉ်

သာသနာရေးဝန်ကြီးဌာန၏ (၇)ကြိမ်မြောက် တာဝန်ပေးချက်အရ ၂၀၀၈-၂၀၀၉ခုနှစ် ဘုရားဖူးရာသီတွင် အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့သည် သံဝေဇနီယလေးဌာန (အိန္ဒိယ/နီပေါ) ဗုဒ္ဓဂယာဘုရားဖူး ခရီးစဉ်များအား ၂၀၀၈ခုနှစ် စက်တင်ဘာမှ ၂၀၀၉ခုနှစ် ဧပြီအထိ **"အောင်ချမ်းသာမှ သင့်ဆန္ဒပြည့်ဝစေရမည်"**ဟူသော ဆောင်ပုဒ်နှင့်အညီ တစ်ပတ်ခြား တနင်္လာနေ့တိုင်း စေလွှတ်ပေးလျက်ရှိပါသည်။ ခရီးစဉ်မှာ ရန်ကုန်မှ ဗုဒ္ဓဂယာသို့ လေယာဉ်ဖြင့်တိုက်ရိုက်သွားပြီး ဘုရားဖြစ်စဉ်ဒေသများသို့ အဆင့်မြင့်မော်တော်ယာဉ်ကြီးများဖြင့် လှည့်လည်ဖူးမြော်ကာ ဂယာမှ ရန်ကုန်သို့ တိုက်ရိုက်ပြန်လာမည့် ၁၁ ညအိပ် ၁၂ရက်ခရီးဖြစ်ပါသည်။ ဆက်လက်၍ ၂၀၀၉ခုနှစ် **ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီ သင်္ကြန်ပိတ်ရက်(အထူးခရီးစဉ်)**များကိုလည်း ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ပါသည်။

အကျိုးဆောင် ဒေါ်သဇင်မြင့်အောင်ကိုယ်တိုင် ဧည့်လမ်းညွှန်များနှင့်အတူ ဘုရားဖူးခရီးစဉ်တစ်လျှောက်လိုက်ပါ၍ နွေးထွေးသောဝန်ဆောင်မှုများပေးသဖြင့် ဘုရားဖူးများ ကျေနပ်အားရပီတိဖြစ်ကာ **စိတ်ချမ်းမြေ့စွာဖြင့် အောင်မြင်စွာ သာသနာပြုခဲ့ကြကြောင်း** တဖွဲဖွဲပေးပို့လာသည့် ကျေးဇူးတင်လွှာများနှင့် ပြန်လည်လိုက်ပါရန် အဆိုပြုထားသည့် ဓမ္မမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

အောင်ချမ်းသာအဖွဲ့နှင့်မဂ္ဂင်ဖောင်ကြီးအတူစီး၍ အပါယ်တံခါးပိတ်ရာ ဗုဒ္ဓဂယာသို့ **အထက်ပါလများ၌** ဘုရားဖူးသွားရောက်လိုသူများ Power Palace Hotel အမှတ် ၁၆၊ ပြည်သာယာလမ်း၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၉၇၁၉၊ ၅၄၈၂၁၀၊ ၅၄၄၂၈၇၊ ၀၉-၉၉-၂၆၁၀၈၊ ၀၉-၅၁-၂၈၆၂၁ နှင့် သာသနာရေးဝန်ကြီးဌာနရှိ ရုံးခွဲဖုန်း-၆၆၀၈၄၃တို့သို့ အမြန်ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါသည်။

**ဒေါ်သဇင်မြင့်အောင်**

## ပင်လည်ဘူးမြို့တွင် စာပေဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

စာရေးဆရာကြီးများဖြစ်ကြသော ချစ်နိုင်(စိတ်ပညာ)နှင့် လယ်တွင်းသားစောချစ်တို့က ဒီဇင်ဘာ၃၀ရက်တွင် ပင်လည်ဘူးမြို့နယ် ခေါက်စင်းရွာ အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ ဒီဇင်ဘာ၃၁ရက်တွင် ပင်လည်ဘူးမြို့ အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း ပညာကျေးဇူးဆပ်ပွဲအနေဖြင့် ကျင်းပသော စာပေဟောပြောပွဲတွင် စာပေဆိုင်ရာများ ဟောပြောကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သီပေါ၌ ကောက်စိုက်စက်ဖြင့်စိုက်ပျိုးရန် ပျိုးထောင်နည်းသရုပ်ပြ

သီပေါ ဒီဇင်ဘာ ၂၃

**ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကောက်စိုက်စက်ဖြင့်စိုက်ရန် စပါးပျိုးထောင်နည်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၁၅ရက် နံနက် ၉နာရီက မိုင်းပွန်လမ်းရှိ မြို့နယ်စိုက်ပျိုးရေးရုံးဝင်း၌ ကျင်းပသည်။**

## ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောက်မဲခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးမောင်မောင်ထွန်းက လူလုပ်အားဖြင့် စိုက်ပျိုးခြင်းထက် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်း၏ အကျိုးသက်ရောက်မှုကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

## လက်တွေ့ပြသ

အဆိုပါကောက်စိုက်စက်ဖြင့်စိုက်ရန် စပါးပျိုးထောင်နည်း သရုပ်ပြပွဲသို့ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် တောင်သူလယ်သမားများ ၅၂ဦးတက်ရောက်ကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ခင်းကျင်းပြသထားသော စပါးစိုက်ပျိုးရေးဆိုင်ရာ ပညာပေး ပိုစတာများ၊ စပါးပျိုးထောင်နည်းများကို လက်တွေ့ပြသကြသည်။ (ဝ၂ဝ)

# ဇီဝဓာတ်ငွေ့မှ လျှပ်စစ်မီးရယူသုံးစွဲမှု သရုပ်ပြပွဲ ရမည်းသင်းမြို့နယ် ရွှေဒါးငွေးကုန်းတွင် ကျင်းပ

ရမည်းသင်း ဒီဇင်ဘာ ၂၃

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၏ ထောက်ပံ့လှူဒါန်းမှုဖြင့် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် ရွှေဒါးငွေးကုန်းအုပ်စုမှ ဦးချစ်မောင်နေအိမ်တွင် တစ်အိမ်ထောင်သုံး ဇီဝဓာတ်ငွေ့လျှပ်စစ်မီးရယူခြင်း သရုပ်ပြပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ရက် မွန်းလွဲ ၂နာရီက ကျင်းပသည်။

## သရုပ်ပြ

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူးဦးဇော်ဝင်းက ဇီဝဓာတ်ငွေ့သုံး မီးလင်းရေး သရုပ်ပြပွဲဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် တစ်အိမ်ထောင်သုံး အကျိုးသက်ရောက်မှုများကို ရှင်းလင်းပြသပြီး ကျေးရွာအုပ်စုမှ ဦးချစ်မောင်က ပြုလုပ်ပုံအဆင့်ဆင့်နှင့် လက်တွေ့အသုံးပြုလျက်ရှိသော ထမင်းပေါင်းအိုး၊ မီးဖိုနှင့် အောက်လင်းဓာတ်မီး မီးစာသုံး မီးထွန်းနိုင်မှုများကို လက်တွေ့သရုပ်ပြသမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

၂၀၀၈ခုနှစ် မင်းကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးညီညီဝင်းက အဖွင့်အမှာစကား ပြောကြားစဉ်။
(မြို့နယ် အား/ကာ)

# အောင်ဆန်းသူရိယ လှသောင်းကျောင်း ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၇

အောင်ဆန်းသူရိယလှသောင်းကျောင်းတွင် ၁၉၆၁ ခုနှစ်မှ ၁၉၇၂ခုနှစ်အထိ ပညာသင်ကြားခဲ့သော (ဘော်ဒါ)ကျောင်းသားဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အထက (၂)မင်္ဂလာဒုံ(လှသောင်း)ခန်းမ၌ ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်သည်။

## ဆက်သွယ်လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ဒုတိယဗိုလ်မှူးကြီးညွန့်ဝင်း(ငြိမ်း) ဖုန်း-၂၂၅၃၆၅၊ ဦးအောင်ငွေ ဖုန်း-၂၂၈၇၃၃၊ ဦးခင်ညိုကျော်အောင် ဖုန်း-၀၉-၅၀-၀၀၈၄၁၊ ဦးထင်အောင် ဖုန်း-၀၉-၅၀-၀၀၇၆၃၊ ဦးခင်မောင်ကို ဖုန်း-၆၆၅၅၄၂ နှင့် ဦးအောင်သူဆန်း ဖုန်း-၆၈၁၂၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သုမာလာလမ်း ကိုယ့်အားကိုယ်ကိုး လမ်းခင်းရန်အတွက် ကျောက်များစီခင်းထားမှုကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူတို့ နိုဝင်ဘာ ၁၃ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

# စလင်းမြို့နယ်၌ စာကြည့်တိုက်များဖွင့် အလှူငွေနှင့် စာအုပ်များ လှူဒါန်း

စလင်း ဒီဇင်ဘာ ၂၂

မကွေးတိုင်း စလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စလင်းမြို့နယ်ရုံးနှင့် ကျေးရွာစာကြည့်တိုက် ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီများ ပူးပေါင်း၍ ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၅ရက်က ထူးပေါက်ရွာ ထူးစာကြည့်တိုက်နှင့် ရွာသာကုန်းရွာ အေးရိပ်မွန်စာကြည့်တိုက်တွင်လည်းကောင်း၊ ဒီဇင်ဘာ ၈ရက်က မြေမြို့ ကုန်းရွာလူငယ်စာကြည့်တိုက်အဆောက်အအုံ၌ လည်းကောင်း ကျင်းပသည်။

## လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်နှင့် ထူးပေါက်ရွာ ထူးစာကြည့်တိုက်ဥက္ကဋ္ဌ ဦးအောင်စိုး၊ ရွာသာကုန်းရွာ အေးရိပ်မွန် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးစန်းယုနိုင်၊ မြေမြို့ကုန်းရွာ လူငယ်စာကြည့်တိုက်ဥက္ကဋ္ဌ ဦးချိမ်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းအလှူရှင်များက အလှူငွေကျပ် ၅၀၅၀၀၀ ကိုလည်းကောင်း၊ စာအုပ်အလှူရှင်ခြောက်ဦးက ငွေကျပ် ၁၁၅၀၀ တန်ဖိုးရှိ စာအုပ် ၁၉၉အုပ်ကိုလည်းကောင်း၊ ပရိဘောဂအလှူရှင်နှစ်ဦးက ငွေကျပ် ၁၉၀၀၀၀တန်ဖိုးရှိ စာကြည့်တိုက်သုံးပရိဘောဂများ အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀ကို လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အောင်သာယာရပ်ကွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့် ကြပ်မတ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

# မီးဘေးကြိုတင်ကာကွယ်ရေး မြင်းကကုန်း၌ ညှိနှိုင်းစည်းဝေး

မြင်းကကုန်း ဒီဇင်ဘာ ၂၂

မြင်းကကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အစည်းအဝေးကို ဒီဇင်ဘာ ၁၈ရက်က ကျင်းပရာ ရပ်မိရပ်ဖများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်စိုးနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ခွဲမှူး ဦးမြင့်အေးနှင့်တပ်ဖွဲ့ဝင်များ၊ ရာအိမ်မှူးများ တက်ရောက်ကြသည်။

## အရေးယူ

ယင်းအစည်းအဝေးမှ ဆုံးဖြတ်ချက်များအရ လောင်စာဆီများ စည်းကမ်းမဲ့စွာ မရောင်းချရသည့်အပြင် မီးသတ်ဆေးဘူးများ စနစ်တကျထားရှိပြီး လောင်စာဆီပီပါများကို ရပ်ကွက်တွင် သိုလှောင်ထားခြင်း မပြုလုပ်ရသည့်အပြင် လူနေအိမ်အဆောက်အအုံများနှင့်ဝေးကွာသည့် လွင်ပြင်တွင် သိုလှောင်ထိန်းသိမ်းထားရန်နှင့် တစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ် စစ်ဆေးရေးအဖွဲ့က ဆီရောင်းချသည့်အိမ်များ၊ ဆိုင်များအား လိုက်လံစစ်ဆေး၍ လိုအပ်သလို အရေးယူမှုများ ဆောင်ရွက်ကြရန် ဆုံးဖြတ်ကြောင်း သိရသည်။ (၁၅၉)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဂုံညင်းတန်းကျေးရွာ ရေကောင်းရေသန့်ရရှိစေရန် နှစ်လက်မ စက်ရေတွင်းတူးခြင်း၊ ရေစက်ရုံနှင့် အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့ ကွင်းဆင်း ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

## အုတ်ရေမြောင်း

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လမ်းမကြီးဘေး အုတ်ရေမြောင်း သန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့နယ် စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သိန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ်စည်ပင်)

# စုပေါင်းလမ်းလျှောက်ပွဲ ဒိုက်ဦး၌ ကျင်းပ

ဒိုက်ဦး ဒီဇင်ဘာ ၂၃

ဒိုက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၆ရက် နံနက် ၄နာရီခွဲတွင် မြို့လယ်လေးကျွန်းတာဓုန်မှစ၍ မြစ်ကျိုးညောင်ခါးရှည်မဟာဗျူဟာလမ်းသို့ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ အင်အား ၁၃၀၀ကျော်ဖြင့် စုပေါင်းလမ်းလျှောက်ကြသည်။ (၁၇၈)

ပခုက္ကူ အမှတ်(၁)မြို့မဈေးရှိ ရေမြောင်းများတွင် ခြင်၊ယင်များခိုအောင်းမှု မရှိစေရန် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်မှုလုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးဇော်လင်းနိုင်၊ ဒုတိယဦးစီးမှူး(ဈေး)နှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသက်ပိုင် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

## ဟသ်ာတ၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဟသ်ာတ ဒီဇင်ဘာ ၂၅

ဟသ်ာတမြို့နယ် သဲရိုးကျေးရွာ သုတဂဝေသီ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၂ရက် နံနက် ၉နာရီခွဲက အဆိုပါစာကြည့်တိုက် အဆောက်အအုံ ရှေ့၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ သုတဂဝေသီစာကြည့်တိုက် အဆောက်အအုံသစ်ကို သဲရိုးကျေးရွာမှ အလှူရှင်ဦးဖိုးစွန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်နိုင်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်ဦးဖိုးစွန်က ငွေကျပ် ၃၁သိန်းကျော်တန် စာကြည့်တိုက် အဆောက်အအုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကိုလည်းကောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ရေဒီယိုကက်ဆက်တစ်လုံးကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးမောင်မောင်ညွန့်က သုတ၊ ရသစာအုပ် ၈၀ကျော်ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ (ခရိုင် ပြန်/ဆက်)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ပြုပြင်ရန်လျာထားသော ပေါင်းတည်-ပေါက်တောလမ်းပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ၉ရက်က အမှုဆောင်အရာရှိဦးဝင်းမော်နှင့် လုပ်ငန်းတာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)



## အရန်သားဖွားဆရာမ သင်တန်းဖွင့်

ကသာ ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုနှင့်ပံ့ပိုးမှု၊ ကျန်းမာရေးဦးစီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဒေသခံ အရန်သားဖွားဆရာမ သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ရက်က ကသာခရိုင် ကသာမြို့ ပြည်သူ့ဆေးရုံကြီးခန်းမဆောင်၌ ကျင်းပရာ စစ်ကိုင်းတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်၊ ခရိုင်ဥက္ကဋ္ဌဦးလှရွှေ၊ အဖွဲ့ဝင်ဒုတိယရဲမှူးကြီးကျော်မိုးကြည်၊ အတွင်းရေးမှူးဦးကျော်ဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌဦးလှရွှေက အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ ကသာ၊ ဗန်းမောက်၊ ထီးချိုင့်၊ အင်းတော်မြို့နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်သင်တန်းသူ ၁၆ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ဒီဇင်ဘာ ၂၅ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၂)ရပ်ကွက် ဝဋ္ဋကြွေးတော်ပြေဘုရားအနီး ယဉ်ကျေးလိမ္မာကလေး အထူးသင်တန်း၌ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်) က ပျော်ရွှင်ကျန်းမာဘဝတွက်တာခေါင်းစဉ်ဖြင့် ကျန်းမာရေး ဘာသာရပ် ဟောပြောပို့ချစဉ်။ (မြန်မာ့အလင်း)

## စစ်ကိုင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

စစ်ကိုင်း ဒီဇင်ဘာ ၂၀

စစ်ကိုင်းမြို့နယ် မီးသတ်ဦးစီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၀ရက် နံနက် ၁၀နာရီက ကောင်းမှုတော် ဘုရားအနီးရှိ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ တိုင်းရောင်းဝယ်ရေးအရာရှိရုံး(က)အဆင့်(ချင်း/စစ်ကိုင်း) လက်အောက်ရှိ စက်သုံးဆီ အရောင်းဆိုင်အမှတ် (၀၆၂၂) ရှေ့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုကြီးနှင့် တပ်ဖွဲ့ဝင်များ၊ အရောင်းဆိုင်မန်နေဂျာ ဦးကျော်ဇော၊ လက်ထောက်မန်နေဂျာ ဦးတိုးလွင်နှင့် ဝန်ထမ်းများတက်ရောက်ကြပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စုပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ကြောင်း သိရသည်။ (အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

## ခင်ဦးမြို့နယ်၌ တယ်လီဖုန်းအိတ်ချိန်း အဆောက်အအုံသစ် ပန္နက်တင်

ခင်ဦး ဒီဇင်ဘာ ၂၀

ခင်ဦးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်ရေးစခန်း ရုံးဝင်း၌ အော်တိုတယ်လီဖုန်းအိတ်ချိန်း အဆောက်အအုံသစ်ကို အောက်တိုဘာ ၄ရက်က ပန္နက်တင် စတင် ဆောက်လုပ်ခဲ့ရာ ဆောက်လုပ်ပြီးစီးမှုကို ဒီဇင်ဘာ ၁၇ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့မိမြို့ဖဥက္ကဋ္ဌ ဦးခင်မောင်ရွှေနှင့် အဖွဲ့ဝင်များ၊ တယ်လီဖုန်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့ပေါ် လေးရပ်ကွက်မှဥက္ကဋ္ဌများ ဆောက်လုပ်မှုကို ကြည့်ရှုစစ်ဆေးကြရာ ၉၀ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ (၁၈၂)

## ကလေးမြို့တွင် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေး ဟောပြော

ကလေး ဒီဇင်ဘာ ၂၀

ယနေ့မီးဘေးကြိုတင်ကာကွယ်ခြင်းသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံပိုင်ပစ္စည်းများနှင့် ပုဂ္ဂလိကပြည်သူများ၏ အသက်အိုးအိမ်ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ကြီးကြပ်မှုဖြင့် ကလေးမြို့နယ် မီးသတ်ဦးစီးဌာနသည် မီးငြိမ်းသတ်ရေး လက်တွေ့လေ့ကျင့်ခြင်းကို ဒီဇင်ဘာ ၁၃ရက် နံနက်၉နာရီက ကလေးမြို့ မြန်မာ့ရေနံထွက်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၆၈၁)တွင် ကျင်းပရာ မီးသတ်ဦးစီးအရာရှိဦးငွေဝေနှင့် စက်သုံးဆီအရောင်းဆိုင်မန်နေဂျာဦးဗိုလ်နိုင်တို့ တက်ရောက် ကြီးကြပ်ဆောင်ရွက်ကြသည်။

အဆိုပါ မီးငြိမ်းသတ် လက်တွေ့ပြသမှုတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် စက်သုံးဆီအရောင်းဆိုင်တို့မှ ဝန်ထမ်းများက မီးငြိမ်းသတ်မှု သရုပ်ပြခြင်း၊ လက်တွေ့ မီးငြိမ်းသတ်ခြင်းနှင့် မီးသတိမူရေး ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းများ ကျင်းပကြသည်။

### ပညာပေးဟောပြော

အလားတူ မွန်းလွဲ၁နာရီတွင် မြန်မာ့ရေနံထွက်ပစ္စည်းများရောင်းဝယ်ရေး လုပ်ငန်း စက်သုံးဆီ အရောင်းဆိုင်အမှတ် (၀၆၉၁) ခိုင်ကမ်းကျေးရွာတွင်လည်း မီးငြိမ်းသတ်မှု လက်တွေ့လေ့ကျင့်ခြင်းနှင့် ပညာပေးဟောပြောခြင်းများ ကျင်းပကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

## အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

## သာစည်မြို့နယ်၌ ပြည်သူ့အလင်းရောင် စာကြည့်တိုက် အဆောက်အအုံတည်ဆောက်ရေး အလှူငွေပေးအပ်

သာစည် ဒီဇင်ဘာ ၁၅

၁၃၇၀ပြည့်နှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ပြည်သူ့အလင်းရောင် စာကြည့်တိုက် အဆောက်အအုံ တည်ဆောက်နိုင်ရေးအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ၊ ၁၇လက်မ ရုပ်မြင်သံကြား ဖမ်းစက်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ရက် ည ၇နာရီက သာစည်မြို့နယ် သာဂရကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

### ပေးအပ်လှူဒါန်း

ရှေးဦးစွာ ကျေးရွာပြည်သူ့အလင်းရောင် စာကြည့်တိုက်တည်ဆောက်ရန်အတွက် အလှူရှင်များ လှူဒါန်းသည့် လှူဒါန်းငွေကျပ် ၁၆၆၀၀၀ကို အလှူရှင်များကိုယ်စား ဦးထွန်းကြည်ကလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် ၁၇လက်မ ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံအုပ်ရေ ၂၀၀ကို ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)တို့က ပေးအပ် လှူဒါန်းကြရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးညွန့်လွင်က လက်ခံရယူကြောင်း သိရသည်။ (၀၉၄)

အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော အုတ်ဖို-တာဆုံ-ပန်းတင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၅ရက်က အမှုဆောင် အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးမင်းသူရတို့ ကြီးကြပ်ပေးစဉ်။ (၀၇၄)

## ပိန်းဇလုပ်မြို့၌ လူငယ်နှင့် မူးယစ်ဆေးဝါး အသိပညာပေးဟောပြော

ပိန်းဇလုပ် ဒီဇင်ဘာ ၂၆

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ အထက စစ်တောင်းခန်းမ၌ ဒီဇင်ဘာ ၂၂ရက် နံနက် ၁၀နာရီက လူငယ်နှင့် မူးယစ်ဆေးဝါး အသိပညာပေးဟောပြောပွဲကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီငွေတို့က အမှာစကားပြောကြားပြီး မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေး ဥက္ကဋ္ဌ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က လူငယ်နှင့် မူးယစ်ဆေးဝါးကိုလည်းကောင်း **(အပေါ်ပုံ)**၊ အဖွဲ့ဝင် ဦးနေလင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ငြိမ်း)က မူးယစ်ဆေးဝါး သမိုင်းကိုလည်းကောင်း၊ အဖွဲ့ဝင်ဦးစိုးဝင်းက မူးယစ်ဆေးဝါးတိုက်ဖျက်မှုကိုလည်းကောင်း၊ ပိန်းဇလုပ်ရဲတပ်ဖွဲ့ စခန်းမှူးရဲအုပ်အောင်မျိုးဦးက မူးယစ်ဆေးဝါးပပျောက်ရေး အရေးယူမှုကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ယင်းဟောပြောပွဲသို့ ပိန်းဇလုပ်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူ ၃၀၀ တက်ရောက်ကြသည်။ (၀၆၅)

၂၀၀၈ ခု ဒီဇင်ဘာ (၁၈) ရက် မှ ၂၀၀၉ ခု ဇန်နဝါရီ (၃၁) ရက် အထိ

FREE

21" Colour TV Ks. 90,000

TV -TX-32LE8 (LCD TV)

Advanced Vision Co., Ltd.
YMCA Building

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးခင်မောင်ဝင်း၏ နိုင်ငံသားအမှတ် ၉/တကန(နိုင်) ၀၃၀၀၅၁ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၃-၅၁၈၄၄၊ ၀၉-၅၁-၃၉၃၀၇။**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မညီညီခိုင် ၁၄/မမက(နိုင်) ၁၁၄၅၄၁သည် မိဘများ၏ဆိုဆုံးမမှုများကို မလိုက်နာဘဲ မိမိသဘောအလျောက် ၁၉-၁၂-၂၀၀၈ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များကို လုံးဝတာဝန်မယူပါ။ **ဦးအေးမြင့် ၁၄/မမက(နိုင်)၀၁၄၃၄၃။**

DOZO
FASHION DESIGN TECHNICAL SCHOOL
Daw Thida Win B.Sc (Dip in Fashion Design,Japan)
Thet Hnin Aye (BA.Fashion Design, Japan)
Fashion Design School Style, Pattern, Cutting, Sewing Japan
Courses - Basic,Advance,Fashion Illustration, Wedding Dress, Children Wear's
Start Date- 12.1.09(Mon,Tue)
Ph.536861, 09 500 4830 www.dozofashion.com

VICTORIA Shopping Mall
Open Daily 9:00 am to 9:00 pm
2009 New Year Victoria
- Victoria Shopping Mall
- Victoria Fancy Shop
- Victoria Hyper Mart Excel. Tower Basement
(10.12.2008 - 3.1.2009)
Ks.5000 Customers ZE YA AUNG (Net & Cyber Cafe)
Asian Food Kitchen Karaoke
+ 2009 Calendar
Ks.20000 Customers Victoria Gift Voucher Coupon

ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော ဆင်ဖြူရှင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်ထွဋ်နှင့် အမှုဆောင်အရာရှိ ဦးလှသိန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

## မီးသတ်သင်တန်းသားများဝတ်စုံအတွက် မိုးကောင်း၌ အလှူငွေများ ပေးအပ်

မိုးကောင်း ဒီဇင်ဘာ ၂၆

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မီးသတ်တပ်ဖွဲ့က ဖွင့်လှစ်သည့် အခြေခံမီးသတ်သင်တန်းသားများအား ဝတ်စုံဝယ်ယူရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် ညနေ ၄နာရီခွဲက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းစိန်က အဖွင့်အမှာစကားပြောကြားပြီး အလှူငွေကျပ်ခြောက်သိန်းကို မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်ထံ ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် လှည်းကူးမြို့ ရိပ်သာရပ်ကွက် ရန်ကင်း ၅ လမ်း ကတ္တရာလမ်းခင်းရန် ရေမြှုပ်ချနေမှုကို နိုဝင်ဘာ၈ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာဦးဘသိန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## တံတားဆောက်လုပ်

ဆောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ရတနာလမ်းထိပ် သစ်သားတံတား ဆောက်လုပ်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးဟန်မြင့် ကြည့်ရှုစစ်ဆေးရာအငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်လင်းနိုင်က ရှင်းလင်းပြသစဉ်။

(မြို့နယ်စည်ပင်)

## အင်းတော်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

အင်းတော် ဒီဇင်ဘာ ၁၅

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် နန့်ခင်းကျေးရွာအုပ်စု လက်ပန်ကုန်းရွာ တောင်သူဦးပြုံး၏ လယ်ကွင်း၁၀၃၃ ဦးပိုင် (၄၈/၁)တွင် စိုက်ပျိုးရင့်မှည့်နေသော ဆင်းကရီ(၃) စပါးမျိုး မိုးစပါး ၃ ဒသမ ၉၇ဧကတွင် နိုဝင်ဘာ ၁၈ရက်က စံကွက်ရိတ်သိမ်းပွဲကို ကျင်းပရာ တစ်ဧက ၁၄၂ ဒသမ ၅၀ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။ (၀၃၀)

## ကျောင်းကုန်းမြို့နယ်၌ နေကြာသီးညှပ်စိုက်ပျိုး

ကျောင်းကုန်း ဒီဇင်ဘာ ၂၆

နေကြာသီးညှပ် စပေါင်းစိုက်ပျိုးပွဲကို နိုဝင်ဘာ ၂၆ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ကွမ်းခြံကုန်းကျေးရွာအုပ်စု မီးသွေးတိုက်ကျေးရွာ တောင်သူဦးကြီးဦးစံမြင့် ဦးပိုင်(၅၃/၂) ကွင်းအမှတ် (၄၂၉၊B)ရှိ လယ်မြေဧက၄ဒသမ၄၀တွင် နှား ၁၀ရှဉ်း၊ စက်နှစ်စီး၊ တောင်သူဦးကြီး၁၆၀ကျော်တို့ဖြင့် နေကြာသီးညှပ်စပေါင်းစိုက်ပျိုးကြသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တောင်သူဦးကြီးများက ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)** (၁၅၄)

## မှုခင်းသတင်း — သာစည်မြို့နယ်၌ နှစ်လောင်းပြိုင် လူသတ်မှုဖြစ်ပွား

မိတ္ထီလာ ဒီဇင်ဘာ ၂၄

သာစည်မြို့နယ်အရှေ့ဘက် ၁၀မိုင်ကျော်ခန့်အကွာ သာစည်-တောင်ကြီးကားလမ်းဘေးရှိမယ်ဇလီကန်ရွာတွင်နှစ်လောင်းပြိုင် လူသတ်မှုတစ်ခု ဒီဇင်ဘာ ၁၇ရက်က ဖြစ်ပွားခဲ့သည်။

အမှုမှာ ဒီဇင်ဘာ ၁၇ရက် နံနက်က မယ်ဇလီကန်ရွာနေ တောင်သူဦးတင်ငွေကြီး၊ ဇနီးဒေါ်သောင်းရင်နှင့် သမီးဖြစ်သူ မလွင်အေးတို့မှာ ၎င်းတို့နေအိမ်တွင် သွေးထွက်ဒဏ်ရာများဖြင့် လဲကျနေကြောင်း တစ်ရွာတည်းနေ ဦးလှသန်းက တွေ့ရှိရသဖြင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းမောင်ထံ သတင်းပေးပို့ခဲ့သည်။ ရပ်ကွက်ဥက္ကဋ္ဌဦးသန်းမောင်က သာစည်မြို့နယ် ရဲစခန်းသို့ ချက်ချင်းသွားရောက် သတင်းပေးပို့ခဲ့ရာ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် ရဲစခန်းမှူးတို့သည် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းသွားရောက်စစ်ဆေးခဲ့သည်။ ဦးတင်ငွေကြီးမှာ ညာဘက် နဖူးပြတ်ရှဒဏ်ရာ၊ ညာဘက်နားရွက်အောက်နှင့်ညာဘက်နားရွက်ပြတ်ရှဒဏ်ရာများကို တွေ့ရှိရပြီး ဒေါ်သောင်းရင်တွင် နဖူးပြတ်ရှ ဒဏ်ရာ၊ ဝဲပါးပြတ်ရှ ဒဏ်ရာ၊ မေးစေ့တွင် ထိုးသွင်းဒဏ်ရာ၊ ဝဲဘက်မေး ပြတ်ရှဒဏ်ရာတို့ဖြင့် လဲကျသေဆုံးနေကြောင်းတွေ့ရပြီး သမီးဖြစ်သူ မလွင်အေးမှာ ငယ်ထိပ်ပြတ်ရှ ဒဏ်ရာ၊ မေးစေ့ပြတ်ရှဒဏ်ရာ၊ ဘယ်ဘက် မေးရိုးဖူးရောင် ဒဏ်ရာများရရှိပြီး သတိလစ်နေသည်ကိုတွေ့ရသဖြင့် အသက်ရှင် ကျန်ရစ်သူ မလွင်အေးအား ချက်ချင်းဆေးစာဖြင့် မန္တလေးဆေးရုံသို့ တင်ပို့လိုက်သည်။

အမှုဖွင့်တိုင်ကြား

အမှုကို ရပ်ကွက်ဥက္ကဋ္ဌဦးသန်းမောင်က တရားလိုပြုလုပ်၍ သာစည်ရဲစခန်းတွင် အမှုဖွင့် တိုင်ကြားရာ ရဲစခန်း(ပ) ၁၆၅/၂၀၀၈ ပုဒ်မ၃၀၂/၃၂၆ဖြင့် အမှုဖွင့်အရေးယူထားသည်။ (၀၈၆)

# ပဲခူးတိုင်း ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း လျှပ်စစ်(၁) ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ကြည့်ရှုစစ်ဆေး

## လုပ်ငန်းဆောင်ရွက်မှု

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၇**

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းသည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်း ဖြူးမြို့နယ်၏ အနောက်ဘက် ခုနစ်မိုင်ခန့်အကွာ ဖြူးချောင်းပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ဖြူးချောင်းရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိပြီး ရေအားလျှပ်စစ် ဥမင်လိုဏ်အဝင်ပိုင်း တူးဖော်ပြီးစီးမှုနှင့် ဆက်လက်တူးဖော်နေမှုတို့ကို လည်းကောင်း၊ ရေထိန်းတံခါးပြွန် တည်ဆောက်ပြီးစီးမှု၊ ဂိတ်တံခါးများချရန် ပြင်ဆင်နေမှု၊ ရေယူဥမင်လိုဏ် အထွက်ပိုင်း တူးဖော်ပြီးစီးမှုနှင့် ဥမင်လိုဏ်အတွင်း မြေသားထိန်းသိမ်း ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေကြီးကျောက်သား တူးဖော်နေမှုနှင့် ရေထုတ်မြောင်း၊ ရေလွှဲမြောင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

### မဂ္ဂါဝပ် ၄၀

ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်း၏ တမံတည်ဆောက်ခြင်း အပိုင်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက် လျက်ရှိပြီး ရေအားလျှပ်စစ်ဆိုင်ရာ *စာမျက်နှာ ၃ ကော်လံ ၆* ❐

## ပြည်ထောင်စုဖွား တိုင်းရင်းသား စုပေါင်းကာကွယ် မီးအန္တရာယ်

## စပါးသီးနှံ အလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေ များခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

## ပျော်ဘွယ်မြို့နယ်တစ်ခွင် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ပျော်ဘွယ်မြို့နယ်မှ ရန်ကုန်-မန္တလေးလမ်းနှင့် ပျော်ကုန်းကျေးရွာ ဆက်သွယ်သည့် ကျေးလက်လမ်းကို ဤသို့ စက်ယန္တရားကြီးဖြင့် ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်လျက်ရှိသည်။ (သတင်းစဉ်)

သတင်းမြင်ကွင်း
တင်ထွေး(သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း
သာဉာဏ်(သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော် (မြန်မာ့အလင်း)

**ရန်ကုန် ဒီဇင်ဘာ ၂၇**

**“ဥဩတွန်မြည်ပျော်ဘွယ်တည်၊ မြို့တည် ဦးမှုံမှတ်”** ပျော်ဘွယ်မြို့ကို ၁၁၇၅ ခုနှစ်၌ ဦးမှုံဆိုသူက တည်သည်ဆိုသော အဆိုပါစာချိုးအရဆိုလျှင် ပျော်ဘွယ်မြို့၏ သက်တမ်းသည် ၁၉၅ နှစ်ကျော်ခဲ့ပြီဟု မှတ်ယူရမည်ဖြစ်သည်။

### နေထိုင်

ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ မြို့များအနက် တစ်မြို့အပါအဝင်ဖြစ်သော ပျော်ဘွယ်မြို့တွင် ရပ်ကွက် ရှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စု၊ ကျေးရွာပေါင်း ၃၁၅ ရွာပါဝင်ပြီး လူဦးရေ ၃၅၀၀၀၀ ကျော် နေထိုင်ကြသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

## မြန်မာ့အလင်း အာကာသသိပ္ပံ

## ကမ္ဘာ့အကြီးဆုံး ရေဒီယိုအဏုကြည့်မှန်ပြောင်း

*တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံး ရေဒီယို အဏုကြည့် မှန်ပြောင်းကြီးတစ်ခုကို စတင်တည်ဆောက်နေပြီဖြစ် သည်။ ထိုအဏုကြည့်မှန်ပြောင်းကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကိုင်ကျိုပြည်နယ်၌ တည်ဆောက်နေခြင်းဖြစ်သည်။*

### *ကြိုတင်ပြင်ဆင်*

*အလင်းဝင်ပေါက်အကျယ် ပေ ၁၅၀၀ ရှိသော ရေဒီယိုအဏု ကြည့်မှန်ပြောင်းကို တည်ဆောက်ရန် ၁၄ နှစ်ခန့် ကြိုတင်ပြင်ဆင်ခဲ့ရ သည်။ ပန်းကန်ပြားတစ်ချပ်ကဲ့သို့ ပုံသဏ္ဍာန်ရှိသော အဏုကြည့်မှန် ပြောင်းကြီး၏ မျက်နှာပြင်အကျယ်မှာ ဘောလုံးကွင်းပေါင်း ၃၀ ခန့်မျှ ကျယ်ဝန်းသည်။*

### *တည်ဆောက်သွားမည်*

*ကမ္ဘာ့အကြီးဆုံး ရေဒီယိုအဏုကြည့် မှန်ပြောင်းကြီးကို ၂၀၁၃ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ထိုအဏုကြည့် မှန်ပြောင်းကြီးကို တရုတ်နိုင်ငံ အမျိုးသားအာကာသရေးရာလေ့လာရေး (အင်န်အေအို)က တည်ဆောက်နေခြင်းဖြစ်သည်။*

### *ကမ္ဘာ့အကြီးဆုံး*

*ယခု တည်ဆောက်နေသည့် အဏုကြည့်မှန်ပြောင်းကြီးမှာ အမေရိကန်နိုင်ငံတွင်* *စာမျက်နှာ ၃ ကော်လံ ၆* ✻

28-12 (20).pmd 1 12/28/2008, 1:41 AM